ဂါရဝေါ စ ဧတံ မင်္ဂလ မုတ္တမံ၊ ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၅)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြု

မြင့်သိန်းအောင်၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး **"သမိုင်းကြောင်းမှ သင်ခန်းစာများ ဒို့တိုင်းရင်းသားများအလေးထား"**ကို အချပ်ပို(ခ၊ဂ)၊ တက္ကသိုလ်တင်ခ၏ **"ရတနာပုံတံတားကို သက်သေထား၍ ဆိုပါမည်"**ကို အချပ်ပို(ဃ)၊ ကေတုနီလာ၏ **"ပင်လုံမြေ၏ လင်းအရုဏ်"**ကဗျာကို အချပ်ပို(ဂ)၊ မြင့်စိုး(နတလ)၏ **"စိုင်စိုင်မြဲမြဲ လက်တွဲညီ"**ကို စာမျက်နှာ(၇)နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းကို စာမျက်နှာ(၈၊၉)တွင် ဝေဝေဆာဆာ ဖော်ပြထားပါသည်။

(မြန်မာ့အလင်း)



တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားခဲ့၍ ခေတ်နောက်ကျခဲ့ရသည်ကို သမိုင်းသင်ခန်းစာယူ ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်သစ်ကြီးဖြစ်ရေး တိုင်းရင်းသားအားလုံး မမှိတ်မသုန်ဦးတည်ချီတက် အမျိုးသားညီလာခံကြီးပြန်လည်ကျင်းပရေး တိုင်းရင်းသားအားလုံးကြိုးပမ်းအကောင်အထည်ဖော်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၄ခုနှစ်၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် အခါသမယတွင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်ဝကြစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

သွေးချင်းသားချင်း ညီနောင်ရင်းများဖြစ်ကြသော ကျွန်ုပ်တို့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးတစ်ရာကျော်တို့သည် ဤအမိမြန်မာနိုင်ငံတော်ကြီးတွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် သုခ၊ ဒုက္ခ ဟူသမျှတို့ကို မျှဝေခံစားကြရင်း တစည်းတလုံးတည်း စုစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းခေတ်ဦးမှသည် ယနေ့ထက်တိုင်အောင်ပင်ဖြစ်ပါသည်။

ဤကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ နှစ်ပရိစ္ဆေဒရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာ အတူတကွ နေထိုင်နိုင်ကြခြင်းမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ နားလည်သည်းခံခွင့်လွှတ်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း တည်းဟူသော မိသားစုစိတ်ဓာတ်ကို အခြေခံအရင်းတည်လျက် အမြော်အမြင်ကြီးမားစွာဖြင့် ပေါင်းစည်းယှက်နွယ် နေထိုင်ခဲ့ကြသည့် ရှေးဘေးဘိုးဘီဘင် အဆက်ဆက်တို့၏ ကျေးဇူးတရားကြောင့်ပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် ထိုကျေးဇူးတရားကို အလေးအနက်ခံယူစောင့်ထိန်းကြပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွင်း မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်နေစေရေးအတွက် မလျှော့သောဇွဲ၊ ခိုင်မြဲသောလုံ့လ၊ ထကြွနိုးကြားသောဝီရိယတို့ဖြင့် အစဉ်ကြံစည်အားထုတ် ကြိုးပမ်းနေကြရမည်မှာ တိုင်းရင်းသားအားလုံးအတွက် သမိုင်းပေးတာဝန်ကြီးပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံမြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်မြောက်ဘက်ရှိ တောင်ကုန်းတောင်တန်းကြီးများသည်လည်းကောင်း၊ အနောက်ဘက်နှင့်တောင်ဘက်ရှိ ပင်လယ်သမုဒ္ဒရာတို့သည်လည်းကောင်း အမိမြေအတွက် သဘာဝက ပေးအပ်ထားသော အရံအတားများ ဖြစ်ကြပါသည်။ ထိုအရံအတားများအတွင်း မြန်မာနိုင်ငံတော်ကြီး နှစ်ပေါင်းထောင်ချီ၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ဘုန်းမီးနေလ တောက်ပခဲ့ခြင်းသည်လည်းကောင်း၊ မိရိုးဖလာ ထုံးတမ်းစဉ်လာများ၊ တွေးခေါ်မြော်မြင်မှုများက ဆင်းသက်ပေါက်ဖွားလာသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်လူမှုတန်ဖိုးများ သီးသီးသန့်သန့် ခံ့ခံ့ထည်ထည် ဖွံ့ဖြိုးရှင်သန်ခဲ့ခြင်းသည်လည်းကောင်း တိုင်းရင်းသားလူမျိုးများအားလုံး၏ စိတ်ပိုင်းဆိုင်ရာ ခွန်အားများဖြစ်ကြသည့် မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ဥဿာလျှင် အရင်းတည်၍ ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။

✳ စာမျက်နှာ ၂ ကော်လံ ၄ သို့

ပြည်ထောင်စုနေ့ဂုဏ်ပြု မိုးကောင်းတံတားဖွင့်လှစ်

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုဖွင့်လှစ်သည့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နန့်ကောင်းချောင်းကိုဖြတ်၍ အရှည် ၉၄၅ ပေရှိ ကချင်ပြည်နယ်၏ ၁၀ စင်းမြောက် မိုးကောင်းတံတားကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။

(သတင်း-ကျော်ဖုံး)
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

ပြည်ထောင်စုနေ့ဦးတည်ချက်များအမျိုးသားရေးတာဝန်အဖြစ်ခံယူ ပြည်ထောင်စုကြီး၏ အကျိုးစီးပွားဖြစ်ထွန်းရေးကြိုးပမ်းထမ်းဆောင်

ယနေ့သည်ကား ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။

မြန်မာတိုင်းရင်းသားသွေးသားရင်းချာများသည် ရှေးပဝေသဏီကတည်းကပင် မြန်မာ့မြေပေါ်တွင် မရှိအတူ ရှိအတူ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် တစ်စိတ်တည်းတစ်ဝမ်းတည်း အတူတကွနေထိုင်လာခဲ့ကြသူများ ဖြစ်သည်။

ကုန်းဘောင်မင်းဆက်များ လက်ထက်၌ ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကို ခံခဲ့ရ၍ နန်းတွင်းစည်းလုံးညီညွတ်မှု ပျက်ပြားကာ ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်ခဲ့ရသောကြောင့် ကိုလိုနီနယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည်။ ကိုလိုနီနယ်ချဲ့တို့သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲစေရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြုခဲ့ကြသည်။ တိုင်းရင်းသားအချင်းချင်း သံသယစိတ်ဖြစ်ပေါ်ပြီး စည်းလုံးညီညွတ်မှု ပျက်ပြားအောင် သွေးထိုးလုပ်ကြံဖန်တီးခဲ့သည်။ မျိုးချစ်စိတ်၊ ဇာတိသွေးဇာတိမာန်နှင့် နယ်ချဲ့ တော်လှန်ရေးစိတ်ဓာတ်တို့ကို ဖျက်ဆီးခဲ့သည်။ ပြည်မနှင့်တောင်တန်းကို သွေးခွဲအုပ်ချုပ်ခဲ့သည်။

မြန်မာတိုင်းရင်းသားများသည် မြန်မာတစ်နိုင်ငံလုံးလွတ်လပ်ရေးကို အတူတကွယူကြမည်ဟူသော တိုင်းရင်းသား စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ပင်လုံညီလာခံဖြင့် ခိုင်ခိုင်မာမာပြသခဲ့ကြသည်။ လွတ်လပ်ရေးပေးရတော့မည့် ဆဲဆဲတွင်ပင် ကိုလိုနီနယ်ချဲ့တို့က တိုင်းရင်းသားခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်စေရန် အားပေးအားမြှောက်ပြုခြင်းဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကိုဖြိုခွဲရန် ယုတ်မာရက်စက်စွာ ကြံဆောင် ဖန်တီးခဲ့ပြန်သည်။

သို့ရာတွင် ပင်လုံမြေ၏ ရရှိခဲ့ပြီးဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့သည်။

နိုင်ငံရေးအဓိပ္ပာယ်လေးနက်သော ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့ပြီး နှစ်စဉ်ပြည်ထောင်စုနေ့အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိနှင့် အမျိုးသားရေးဦးတည်ချက်များချမှတ်ပြီး ကျင်းပနေခြင်းဖြစ်သည်။

မျက်မှောက်ကာလတွင် တပ်မတော်အစိုးရသည် ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု တာဝန်များကို ရယူခဲ့သည့်အချိန်ကစပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်ကြီးများကို ဦးထိပ်ထားပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် မနားမနေကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ရာ ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သော

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံးစောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီးထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ် ထိန်းသိမ်းရေး၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ခံယူကြပြီး ပြည်ထောင်စုကြီး၏ အကျိုးစီးပွားနှင့် ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆတက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

✳ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ

တစ်နိုင်ငံလုံးအကြားအလပ်မရှိ ကဏ္ဍပေါင်းစုံတိုးတက်ရေး ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်အကောင်အထည်ဖော်

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အချုပ်အခြာအာဏာပိုင်စိုးပြီး မြန်မာ့ယဉ်ကျေးမှု အနုပညာများဖြင့် ဖွံ့ဖြိုးဝေစည်ခဲ့သည့်အလျောက် ကမ္ဘာတွင် ထင်ပေါ်ကျော်ကြားစွာဖြင့် ဂုဏ်ယူဝင့်ကြွားကမ္ဘည်းမော်ကွန်းတင်နိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါသည်။

၁၉ ရာစုနှစ်များအတွင်း၌မူ ခေတ်မီလက်နက်အားကိုးဖြင့် နယ်ချဲ့ဝါဒီတို့က ကမ္ဘာတစ်လွှား နယ်ပယ်ချဲ့ထွင်ခဲ့ကြရာတွင် မြန်မာနိုင်ငံသည်လည်း နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပါသည်။ သို့သော် နယ်ချဲ့ဝါဒီတို့သည် မြန်မာနိုင်ငံကို အလွယ်တကူ သိမ်းပိုက်စိုးမိုးနိုင်ခဲ့သည်မဟုတ်ပါ။ မြန်မာနိုင်ငံသားများ၏ သူ့ကျွန်မခံလိုစိတ်၊ ပြည်ထောင်စုကြီးကို ထိပါးလာသော အန္တရာယ်များကို ရှုပ်ရှုပ်ချွချွ တွန်းလှန်ဖယ်ရှားလိုသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့သည် သမိုင်းမှတ်တိုင်များအဖြစ် တည်ရှိခဲ့ပါသည်။ နယ်ချဲ့တွန်းလှန်ရေးတိုက်ပွဲများတွင် ပြည်ထောင်စုဖွားညီအစ်ကိုတော်များသည် ပခုံးချင်းယှဉ်၊ လက်ချင်းတွဲလျက် အမိမြေကို ကျူးကျော်လာကြသူများအား ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ခုခံတွန်းလှန်တိုက်ခိုက်ခဲ့ကြပါသည်။ နယ်ချဲ့တို့နှင့် လက်နက်အင်အားချင်းမမျှ၍သာ အားမတန်မာန်လျှော့ခဲ့ကြရပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာသည် ထီးကျိုးစည်ပေါက်ဖြစ်ကာ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို တာရှည်ကျွန်ပြု အုပ်ချုပ်နိုင်ရေးအတွက် မြန်မာတို့၏ ဇာတိသွေး ဇာတိမာန်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ကို ရိုက်ချိုးဖျက်ဆီးကာ မြန်မာတိုင်းရင်းသားအချင်းချင်း အထင်အမြင် လွဲမှားပြီး တစ်ဦးကိုတစ်ဦး သံသယစိတ်များဖြစ်ပေါ်စေရန် လူမျိုးရေးအရလည်းကောင်း၊ လူမှုရေးအရ လည်းကောင်း၊ အုပ်ချုပ်ရေးအရလည်းကောင်း ဖန်တီးသွေးခွဲခဲ့ကြပါသည်။

သို့ရာတွင် မြန်မာတိုင်းရင်းသားများသည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကို ပြန်လည်တည်ဆောက်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိစေရန် ဘက်စုံထောင့်စုံမှ နည်းလမ်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ လွတ်လပ်ရေးအတွက် အဓိကအရေးကြီးသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမိပင်လုံမြေ၌ တိုင်းရင်းသားခေါင်းဆောင်များက ခိုင်ခိုင်မာမာ ပြသခဲ့ကြပါသည်။ ဤသို့စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့်အလျောက် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့ပါသည်။

လွတ်လပ်ရေးရရှိပြီးသည့်နောက်တွင် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှု ဒဏ်ရာဒဏ်ချက်များကြောင့် တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှား၍ သံသယများပွားများခဲ့ကြသဖြင့် နိုင်ငံတော် အတွင်း မတည်မငြိမ်ဖြစ်ခဲ့ရပြီး အစိုးရအဆက်ဆက်တို့အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေး မဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်သည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကြောင့် တိုင်းပြည်အင်အားတောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကိုလည်းကောင်း၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု ပျက်ပြားခဲ့ခြင်းကြောင့် တိုင်းပြည်အင်အားချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှုခေတ်နောက်ကျခဲ့သည်ကိုလည်းကောင်း သမိုင်း သင်ခန်းစာအဖြစ်ရယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကိုချမှတ်ကာ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို အဓိကဦးတည်လျက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ခဲ့ပါသည်။ ထို့ကြောင့်ပင် တောတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီးဖြစ်ရာ ကျန်ရှိနေသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးကိုလည်း ဆွေးထွေးပျူငှာစွာဖြင့် အစဉ်အမြဲ လက်ကမ်းကြိုဆိုပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရာခိုင်နှုန်းပြည့်ရရှိရမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါသည်။

ယခင်က ဝေးလံသီခေါင်ပြီး တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှု နည်းပါးကာ တစ်ဦးနှင့်တစ်ဦး အမြင်လွဲမှား သံသယများပွားခဲ့ကြသဖြင့် တည်ငြိမ်အေးချမ်းမှု မရှိခဲ့သည့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းခဲ့သည့်အတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ ခုနှစ်မှစ၍ ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ယနေ့နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ဖြစ်ထွန်းလျက် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ရရှိခံစားနေကြရပြီ ဖြစ်ပါသည်။ ထို့ပြင် ယခင်ကတောနှင့်မြို့တို့၏ စီးပွားရေးဘဝနှင့် လူမှုရေးဘဝတို့ ကွာဟချက်ကြီးမားခဲ့ရာ ယင်းကွာဟချက် လျော့နည်းပပျောက်ပြီး ကျေးလက်ဒေသများတွင် လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးစည်ပင်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့မျှမက တစ်နိုင်ငံလုံး အကြားအလပ်မရှိ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍပေါင်းစုံ တိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုသတ်မှတ်၍ ပြည်နယ်နှင့် တိုင်းများအားလုံးတွင် မျှမျှတတ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို နိုင်ငံရေးဦးတည်ချက်အဖြစ် ချမှတ်ကာအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအတွက် ပဓာနလုပ်ငန်းဖြစ်သော အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရေးကို ရရှိထားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားဖြင့် တိုင်းရင်းသား ပြည်သူအားလုံးက ဦးတည်ကြိုးပမ်းအကောင်အထည်ဖော်ကြရန် အထူးလိုအပ်ပါသည်။

နိုင်ငံတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ မူဝါဒလမ်းစဉ် (၇)ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမိုတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်ပါသည်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန် ဖြစ်ပါသည်။

သို့ဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ခိုင်မာစေရန် အားထုတ်ကြိုးပမ်းကြရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သော–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်း ကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွဖြင့် ကြိုးပမ်းအကောင်အထည်ဖော်သွားကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

■ *ကျောဖုံးမှ*

မိုးကောင်းတံတားဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီးဝင်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကချင်ပြည်နယ်မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစ်ကြီးနားခရိုင်နှင့် မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို၍ ဖွင့်လှစ်လိုက်သည့် မိုးကောင်းတံတားသည် ရွှေဘို–မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နန့်ကောင်းချောင်းကိုဖြတ်၍ တည်ဆောက်ထားပြီး ၉၄၅ ပေ ရှည်ကြောင်း။

ယခင်က မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှ ကချင်ပြည်နယ်ကို ဆက်သွယ်သွားလာလျှင် အဓိကအားဖြင့် မီးရထားလမ်းကြောင်းကိုသာ မှီခိုအားထားရကြောင်း၊ လေကြောင်းလိုင်းရှိသော်လည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် အကန့်အသတ်များရှိသည့်အတွက် ရထားလမ်းကြောင်းဖြင့်သာ ကုန်စည်နှင့်ခရီးသည်များ သယ်ပို့ရခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရထားလမ်းကြောင်းပိတ်သွားလျှင် ကုန်စည်ပစ္စည်းများ ပြတ်သွားပြီး ကုန်ဈေးနှုန်းတက်ခဲ့ရသည်ကို ကချင်ပြည်နယ်မှ ပြည်သူများ ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

မဟာဗျူဟာလမ်းမကြီး

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုအရ ရွှေဘို–မြစ်ကြီးနားကားလမ်းကို တစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၆ခုနှစ်တွင် ရွှေဘို–မြစ်ကြီးနား ကားလမ်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း မဟာဗျူဟာလမ်းမကြီးအဖြစ် ခိုင်ခိုင်မာမာ စတင်ထွက်ပေါ်လာခဲ့ပြီး ပြည်သူများ သွားလာသုံးစွဲနိုင်ခဲ့ကြောင်း။

ကားလမ်းပေါက်သွားသော်လည်း ဤနေရာ၌ တံတားသီးခြား မတည်ဆောက်နိုင်သေးသဖြင့် မိုးကောင်းရထားတံတားကိုပင် ကားတံတားအဖြစ် ပူးတွဲသုံးစွဲခဲ့ရကြောင်း၊ ယခု မိုးကောင်း ကားလမ်းတံတားသစ်ကို သီးခြားတည်ဆောက်ပြီးစီးသည့်အတွက် ခရီးသွားလာမှု ပိုမိုချောမွေ့ မြန်ဆန်သွားမှာဖြစ်ကြောင်း။

တစ်ဖက်မှ ရွှေဘို–မြစ်ကြီးနား ကားလမ်း တိုးတက်ကောင်းမွန်အောင် လိုအပ်သည်များ ပြုပြင်တိုးချဲ့တည်ဆောက်နေသကဲ့သို့ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း၌လည်း သပိတ်ကျင်း–တကောင်း–ဗန်းမော်–မြစ်ကြီးနား ကားလမ်းသစ်ကို ထပ်မံဖောက်လုပ်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်မှာ ပြည်သူအားလုံး အသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် ကချင်ပြည်နယ်အတွက် လမ်းထွက်ပေါက်လမ်းကြောင်းများအဖြစ် ရွှေဘို–မြစ်ကြီးနားလမ်းအပြင် မန္တလေး–တကောင်း–ရွှေကူ–ဗန်းမော်–မြစ်ကြီးနား ကားလမ်းသည်လည်း အခိုင်အမာဖြစ်ပေါ်နေပြီဖြစ်သဖြင့် လမ်းပန်းဆက်သွယ်မှုအခြေအနေသည် ယခင်ကနှင့်မတူ ပိုမိုတိုးတက် ကောင်းမွန်ချောမွေ့နေပြီဖြစ်ကြောင်း။

ပူးပေါင်းပါဝင်တည်ဆောက်

ယခုကဲ့သို့ ကချင်ပြည်နယ်နှင့် အခြားပြည်နယ်၊တိုင်းများ အပြန်အလှန်ဆက်သွယ်သွားလာနိုင်အောင် လမ်းမကြီးများ ဖော်ထုတ်တည်ဆောက်ခဲ့သလို ပြည်နယ်အတွင်း ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုအဆင်ပြေရေးအတွက် မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို ကားလမ်း၊ နမ္မတီး–တနိုင်း–နန်းယွန်း ကားလမ်း၊ မိုးကောင်း–ဖားကန့်–ဖားလမုန်း–ခန္တီးကားလမ်းတို့ကို ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိကြောင်း၊ ဤလမ်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့်အတူ တပ်မတော်သားများသည်လည်း မိမိတာဝန်ယူနိုင်သည့် လမ်းပိုင်းအလိုက် ဝင်ရောက်ပူးပေါင်း ပါဝင်တည်ဆောက်လျက်ရှိကြောင်း။

ဤလမ်း၊ ဤတံတားများကောင်းမှုလည်း ရေ၊ မြေ၊ သယံဇာတအခြေခံကောင်းများရှိသည့် ကချင်ပြည်နယ်သည် အရှိန်အဟုန်ရှိရှိ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်ကြောင်း၊ ယခု မိုးကောင်းတံတားအပါအဝင် ကချင်ပြည်နယ်၌ တည်ဆောက်ပြီးစီးခဲ့သည့် တံတားများကို ပြန်ကြည့်လျှင် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ တနိုင်းတံတား၊ တာပိန်တံတား၊ တဘက်ချောင်းတံတား၊ ဟိုပင်တံတား စသည်ဖြင့် တံတားကြီးပေါင်း ၁၀ စင်း တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

အဆင့်မြှင့်တင်ပြုပြင်

ယခုကဲ့သို့ မော်တော်ကားလမ်းများအသစ် ဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ လမ်းဟောင်းများကို အဆင့်မြှင့်တင်ခြင်းပြုလုပ်နေသကဲ့သို့ လေကြောင်းလိုင်းတွင်လည်း မြစ်ကြီးနားလေယာဉ်ကွင်း၊ ပူတာအိုလေယာဉ်ကွင်း၊ ဗန်းမော်လေယာဉ်ကွင်းတို့ကို အဆင့်မြှင့်တင်ပြုပြင်လျက်ရှိကြောင်း။

ဒေသမရွေးဆက်သွယ်နိုင်

ယခင်က မြန်မာနိုင်ငံ အထက်ပိုင်းနှင့်အောက်ပိုင်းတို့၏ ဆက်သွယ်ရေးလမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏အရှေ့ဘက်ခြမ်း၌သာ တောင်နှင့်မြောက်သွယ်တန်းလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်အစိတ်အပိုင်းအားလုံးကို ဆက်သွယ်မိစေရန် မော်တော်ကားလမ်းများ၊ ရထားလမ်းများကို ကွန်ရက်သဖွယ်တိုးချဲ့ဖောက်လုပ်ပေးခဲ့သည့်အပြင် လိုအပ်သောနေရာတိုင်း၌ မြစ်ကူးတံတားကြီးများကိုပါ တစ်ဆက်တည်း တည်ဆောက်ပေးခဲ့ကြောင်း၊ အသစ်ဖောက်လုပ်ခဲ့သော ကားလမ်းများသည် နိုင်ငံနှင့်အဝန်းပြည်ထောင်စုလမ်းမကြီးများအသွင် ဖြစ်ပေါ်လာပြီး ယခင်ကကဲ့သို့ နီးလျက်နှင့်ဝေးရသော အခြေအနေမှ တိုင်းရင်းသားလူမျိုးအားလုံးဒေသမရွေးချစ်ကြည်စွာ ကူးလူးဆက်သွယ်နိုင်သည့် အခြေအနေများ ဖြစ်ပေါ်လာခဲ့ပြီးဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် ဒေသအားလုံး ရေခြား၊ မြေခြားမဖြစ်ရအောင် ပထဝီအနေအထားကို ဆက်စပ်ပေးနိုင်ခဲ့ကြောင်း၊ တိုင်းရင်းသားခြင်း နီးစပ်ရင်းနှီးမှုရှိလာ၍ တစ်ဦး၏ အတွေးနှင့်ခံစားချက်ကို တစ်ဦးက ရရှိခံစားနိုင်ပြီး တစ်ရေတည်း၊ တစ်မြေတည်း၊ တစ်သွေးတည်းဖြစ်အောင် တည်ဆောက်လာနိုင်ခဲ့ပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုအပိုင်းကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေသကဲ့သို့ ကချင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားတိုးတက်လာရေးအတွက်လည်း လိုအပ်သည့်အခြေခံများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း၊ မြစ်ကြီးနားမြို့အပြင် အချက်အချာကျသော ဒေသများဖြစ်သည့် ဗန်းမော်နှင့်မိုးညှင်းမြို့၌လည်း လိုအပ်သည့် တက္ကသိုလ်၊ ကောလိပ်များဖွင့်လှစ် တည်ဆောက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍ၌လည်း ကချင်ပြည်နယ်အတွင်း ခုတင်(၃၀၀)ဆံ့ဆေးရုံတစ်ရုံ၊ ခုတင်(၂၀၀)ဆံ့ ခရိုင်ဆေးရုံတစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင် (၅၀)ဆံ့ဆေးရုံ ငါးရုံ၊ (၂၅)ခုတင် ဆံ့ဆေးရုံ သုံးရုံ၊ (၂၅)ခုတင်ဆံ့ မူးယစ်ဆေးဝါးစွဲရောဂါကု ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ဆေးရုံ ၃၀တို့ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အပြင် သားဖွားသင်တန်းကျောင်းနှင့် သူနာပြုသင်တန်းကျောင်းတို့ကိုပါ ဖွင့်လှစ်ပေးထားခဲ့ပြီးဖြစ်ကြောင်း။

ကချင်ပြည်နယ်၌ ယခုကဲ့သို့ လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများကို အဖြစ်နိုင်ဆုံးကြိုးစားဖန်တီးတည်ဆောက်ပေးခဲ့သည့်အတွက် ကချင်ပြည်နယ်သည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း။

စိုက်ပျိုးမြေဧရိယာအနေဖြင့် ကြည့်မည်ဆိုလျှင် ယခင်က အသားတင်စိုက်ပျိုးမြေဧက ၃၆၀၀၀၀ ခန့်ရှိရာမှ ယခုအခါ ဧက ၅၆၀၀၀၀ ကျော်အထိ တိုးချဲ့လာနိုင်သလို ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း။

ဆန်စပါးပိုလျှံလာ

စိုက်ပျိုးရေးရရှိရေးလုပ်ငန်းအပိုင်းတွင် ယခင်က ဆည်တမံသုံးခုသာရှိခဲ့ရာမှ ယခုအခါ ဆည်တမံခြောက်ခု၊ ရေလွှဲဆည် လေးခု၊ မြစ်ရေတင်စခန်း နှစ်ခုအထိ တိုးချဲ့တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ယခင်က ဒေသဆန်မဖူလုံဘဲ ဆန်လိုဒေသဖြစ်ခဲ့သည့် ကချင်ပြည်နယ်သည် ဒေသဝမ်းစာ ဆန်စပါးဖူလုံရုံသာမက ပိုလျှံမှုများရှိလာပြီဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတားဖွင့်ပွဲတွင် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲမှခ်ဦးရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် တစ်ခုလုံးအနေဖြင့် ၁၉၉၈–၁၉၉၉ခုနှစ်တွင် ဆန်စပါးစတင်ဖူလုံစပြုလာပြီး ၂၀၀၂–၂၀၀၃ခုနှစ်တွင် ၁၁၂ ရာခိုင်နှုန်းအထိ ဝမ်းစာစပါးဖူလုံမှု ရာခိုင်နှုန်းမြင့်မားတိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

လက်တွေ့ခံစားနေရ

ဤကဲ့သို့ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်ပူးပေါင်းပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍအလိုက် တိုးတက်အောင်မြင်မှု အသီးအပွင့်များပေါ်ထွက်လာအောင် ဆောင်ရွက်နိုင်ခြင်းသည်လည်း ကချင်ပြည်နယ်၌ အေးချမ်းတည်ငြိမ်မှုရရှိပြီး တရားဥပဒေစိုးမိုးလွှမ်းခြုံနေ၍ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များသည်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊

စာမျက်နှာ ၅ ကော်လံ ၁

12-2 (3).p65 1 3/24/05, 12:13 PM

ဆရာဆရာမများ ပိုမိုတိုးတက်သည်ထက်တိုးတက်အောင် အမြဲလေ့လာဆည်းပူး တပည့်များကိုလည်း လူတော်လူကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ပါဝင်ကူညီဆောင်ရွက်

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားပညာရေးကောလိပ် ကွန်ပျူတာအခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ရောက်ရှိရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဘိုကြည်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးဝင်းမြင့်နှင့်တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူလေးများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားပညာရေးကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းလှနှင့် ဌာနမှူးများ၊ ဆရာဆရာမများ၊ သင်တန်းသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြစ်ကြီးနား ပညာရေးကောလိပ် ဘဏ္ဍာစစ်သည်ခန်းမ၌ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းလှက မြစ်ကြီးနား ပညာရေးကောလိပ်၏ သမိုင်းအကျဉ်း၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ဘာသာရပ်များကို လည်းကောင်း၊ စီမံဌာနမှူး ဦးခါလွမ်းက ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်ထားပြီးစီးမှု၊ ကောလိပ်အတွင်း တည်ဆောက်ပြီး အဆောက်အအုံများ၊ ဆောက်လုပ်ဆဲအဆောက်အအုံများနှင့် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက မြစ်ကြီးနားပညာရေးကောလိပ်သင်တန်းသူ အဆောင်အပါအဝင် လိုအပ်လျက်ရှိသည့် အဆောက်အအုံများ ပြည့်စုံရေး ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးပြီး ယနေ့ခေတ်သည် ပညာလွှမ်းမိုးသော ခေတ်ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးမှုအားလုံး၏ အခြေခံမှာ ပညာဖြစ်နေကြောင်း။

ပြုစုပျိုးထောင်

ထို့ကြောင့် ဆရာ ဆရာမများ အနေဖြင့် မိမိတို့ကိုယ်ကို ပိုမိုတိုးတက်သည်ထက်တိုးတက်အောင်၊ဘာသာရပ်အလိုက် ကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင် အမြဲလေ့လာဆည်းပူးနေရမှာဖြစ်သကဲ့သို့ မိမိတို့၏ တပည့်များကိုလည်း လူတော်လူကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်တတ်ရမှာဖြစ်ကြောင်း။

နိုင်ငံတော်က ရည်မှန်းချက်ကြီးမားစွာဖြင့် အကောင်အထည်ဖော်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလည်း အောင်မြင်အောင် ဝင်ရောက်ကူညီဆောင်ရွက်ပြီး မိမိရောက်ရှိရာ နယ်မြေဒေသအလိုက် ပြည်သူများ၏ ပညာအခြေခံ မြင့်မားလာအောင်၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမို ထွန်းကားလာအောင် လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆရာဆရာမများ၊ ပထမနှစ်နှင့် ဒုတိယနှစ် လုပ်ငန်းခွင်အကြိုသင်တန်း တက်ရောက်လျက်ရှိသည့် သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာခန်း၊ e-Education Roomနှင့် Language Lab တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ် ဒေါ်အမ်နန်းခမ်းက မြစ်ကြီးနားမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းဖြစ်ပေါ်လာမှုနှင့် သင်တန်းကျောင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မိမိတို့ရောက်ရှိရာ အရပ်ဒေသရှိ ပြည်သူများအပေါ် စေတနာထား၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားပြီး သင်တန်းကျောင်း၏ သင်ထောက်ကူပစ္စည်းများ၊ Language Lab နှင့် ကွန်ပျူတာခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စစ်ဆေး

အမျိုးသား ကျန်း မာ ရေး ကော်မတီ ဒုတိယ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားသူနာပြု နှင့် သားဖွားသင် တန်းကျောင်းတွင် ကွန်ပျူတာအခန်း ကိုကြည့်ရှုစစ်ဆေး စဉ်။(သတင်းစဉ်)

ဘင်းမ်စတက် ဝန်ကြီးအစည်းအဝေးမှ ဝန်ကြီးဦးဝင်းအောင် ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်သည် ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဘင်းမ်စတက်)၏ ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ (အောက်ပုံ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

ဝန်ကြီး ဦးဝင်းအောင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်ရီနှင့် အကြံပေးအရာရှိ ဦးအောင်သန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဌာနစုမှူး(၁) ဒေါ်မာလာသန်းထိုက်တို့ ပြန်လည်လိုက်ပါလာကြသည်။

ဘင်းမ်စတက်အဖွဲ့၏ ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဘူတန်နှင့် နီပေါနိုင်ငံ တို့အား အဖွဲ့ဝင် နိုင်ငံသစ်များအဖြစ် လက်ခံကြောင်း သဘောတူညီခဲ့ကြသည်။

(သတင်းစဉ်)

ဆံတော်ရှင်မြတ်မော်တင်ဗုဒ္ဓပူဇနိယဘုရားပွဲတော် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးယာဉ်များပြေးဆွဲပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဆံတော်ရှင် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဘုရားသွားရောက်ဖူးမြော်နိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ နှစ်ထပ်ခရီးသည်တင် ရေယာဉ်ကြီးများဖြင့် နေ့စဉ် ရန်ကုန်မှ ညနေ ၃ နာရီထွက်ခွာ၍ ပုသိမ်မှ နံနက် ၇ နာရီထွက်ခွာမည်ဖြစ်သည်။ ဘုရားပွဲတော်ကာလအတွင်း ဖေဖော်ဝါရီ ၁၉ ရက်မှစတင်၍ မတ် ၅ ရက်ထိ ဌာနမှ သတ်မှတ်ထားသော ခရီးသွားနှုန်းထားများဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုရားဖူး သွားရောက်လိုသော ခရီးသည်များ အသေးစိတ်သိလိုပါက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲသို့ ဖုန်း-၂၂၂၄၉၃၊ ၂၂၂၄၇၂၊ ၂၂၂၄၇၅၊ ၂၂၂၄၆၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် မကွေးတိုင်းအမျိုးသမီးရေးရာအလုပ်အမှုဆောင်အဖွဲ့နှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မကွေးတိုင်း အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့တို့ တွေ့ဆုံ၍ လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ရိပ်သာခန်းမ၌ ကျင်းပသည်။

ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီနှင့် ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်စန်းရွှေ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များဖြစ်ကြသည့် ဒေါ်မြမြ၊ ပါမောက္ခ ဒေါ်မင်းသက်မွန်နှင့် ဒေါ်ကြည်ကြည်မြ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ မကွေးတိုင်း အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မကွေးတိုင်း အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးတွင် မကွေးတိုင်း အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့မှ တိုင်းအထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၁)ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက မကွေးတိုင်းသို့ လာရောက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မကွေးတိုင်း အမျိုးသမီးရေးရာလုပ်ငန်း အထောက်အကူပြုအဖွဲ့၊ တိုင်းအထွေထွေအုပ်ချုပ်ရေးမှူးက မကွေးတိုင်းအမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ခဲ့သော ကဏ္ဍာရှစ်ရပ်ကို အကျဉ်းချုပ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများ အဖွဲ့ဝင် ဒေါက်တာဒေါ်စန်းရွှေက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန်လျှောက်ထားကြရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွဲ့ချုပ်၏ လုပ်ငန်းကဏ္ဍာ အသစ်များအနက် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့အကြောင်း ရှင်းလင်းပြောကြားသည်။ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်မြမြက စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့်စီမံရေးရာအဖွဲ့များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြုစုပျိုးထောင်နှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့နှင့် စပ်လျဉ်းသည်တို့ကို အဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြက လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းအမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိုင်ယာလန်နိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီးများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့် သံတမန် ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့် အားလျော်စွာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နှစ်နိုင်ငံ သံအမတ်ကြီးများက ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ကွာလာလမ်ပူမြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဂျပန်လူမှုရေးအသင်းမှ အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဂျပန်နိုင်ငံ အခြေစိုက် အစိုးရမဟုတ်သောလူမှုရေးအသင်း Women's Federation for World Peace (WFWP) မှ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့်ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ WFWP မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ WFWP မှမြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဆောင်ရွက်နေသော ကျောက်တန်းမြို့နယ် အာဟာရပြုစုပျိုးထောင်ရေး လုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၅၀၀၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အိမ်တွင်းမှုသင်တန်းကျောင်းအတွက် သိုးမွေးထိုးစက်နှစ်လုံး၊ အရေးပေါ် ရှေးဦးသူနာပြုစုမှုဆေးသေတ္တာအလုံး ၃၀ တို့ကို လှူဒါန်းရာ WFWP Shizuoka ဒေသဥက္ကဋ္ဌ Mrs. Fumi Katayama နှင့် WFWP Tokyo (7) ဥက္ကဋ္ဌ Mrs. Sachiko Akao တို့က ပေးအပ်ကြပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံ၍ **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အိမ်တွင်းမှုသင်တန်းကျောင်း၌ သိုးမွေးထိုး သင်တန်းဆရာမအဖြစ် ဆောင်ရွက်ပေးသော ဆရာမဒေါ်သိန်းသိန်းအား WFWP မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များသည် အသင်း၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး အသင်းက ဖွင့်လှစ်ထားသည့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနနှင့် အိမ်တွင်းမှု သင်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

တည်ဆောက်ရေးလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံတော်နှင့် အတူပူးပေါင်းပြီး ဦးထမ်းပဲ့ထမ်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်မှုချုပ်ငြိမ်းပြီး ယခုကဲ့သို့ တိုင်းရင်းသားညီအစ်ကို သွေးချင်းများအကြား နားလည်မှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရရှိခဲ့သည့်အတွက် ငြိမ်းချမ်းမှုနှင့်ပူးပေါင်းမှုတို့၏ ကောင်းကျိုးရလဒ်များကို ကချင်ပြည်နယ်သားများ လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

ယခင်ကတည်းက ပြည်နယ်နှင့်တိုင်း ၁၄ ခုနှင့် ဖြစ်တည်နေခဲ့သည့် နိုင်ငံတော်အတွင်း နေရာတိုင်း၊ ဒေသတိုင်း၌ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ ရင်းနှီးချစ်ကြည်စွာ တစ်သားတည်း အတူတကွစုစည်းနေထိုင်လာခဲ့ကြကြောင်း၊ ဥပမာ-ကချင်ပြည်နယ် အတွင်းမှာဆိုလျှင်လည်း ဗမာ၊ ဂျင်းဖော၊ ရှမ်း၊ လီဆူ၊ လောဝေါ်တို့အပါအဝင် လူမျိုးနွယ်စု ၅၀ကျော် အခြေချ နေထိုင်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မြေတည်းနေ တစ်ရေတည်းသောက်သည့် တိုင်းရင်းသားများသည် အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကာကွယ်ကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ လမ်းမကြီးများ၊ တံတားကြီးများ ပေါ်ထွန်းလာမှုနှင့်အတူ ပြည်ထောင်စုနယ်မြေဒေသအားလုံးနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိလာပြီဖြစ်သည့်အတွက် ကချင်ပြည်နယ်ရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကလည်း တိုင်းရင်းသား ညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကမ္ဘာတည်သရွေ့ အမိပြည်ထောင်စုနိုင်ငံတော်ကြီး ထည်ထည်ဝါဝါ တည်တံ့ခိုင်မြဲအောင် လက်တွဲပူးပေါင်းစွမ်းဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း၊ မိုးကောင်းတံတားကို တာဝန်ယူတည်ဆောက်သူများ၊ ဝိုင်းဝန်းအထောက် အကူပြုသူများ၊ ကြိုးကြပ်ကွပ်ကဲသူ အားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာ၌ ကချင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကချင်ပြည်နယ်၌ လမ်းပိုင်းအားဖြင့် ၁၉၈၈ ခုနှစ်တွင် ၁၄၇၁ မိုင်သာ ရှိခဲ့ပြီး ယခု ၁၅၉၆ မိုင် ရှိလာ၍ ၁၂၅ မိုင် တိုးတက်ဖောက်လုပ်ပေးပြီးဖြစ်ကြောင်း။

တံတားတည်ဆောက်မှုတွင်လည်း ပေ ၁၈၀ နှင့်အထက် ဆောက်လုပ်မှု၌ ဤတံတားသည် ကချင်ပြည်နယ်အတွက် ၁၀ စင်းမြောက် တည်ဆောက်ဖွင့်လှစ်နိုင်သည့် တံတားဖြစ်ကြောင်း၊ မိုးကောင်းတံတားကို တစ်နှစ်ခွဲဖြင့် အပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ကချင်ပြည်နယ်အတွင်း လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ပြည်မနှင့် ဆက်သွယ်သွားလာရာ၌ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းကရော အနောက်ဘက်ခြမ်းကပါ လမ်းနှစ်သွယ်ဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားစီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံ ပြည်သူများကလည်း လမ်း၊ တံတားများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာ၌ ကချင်ပြည်နယ်သည် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့နှင့် ဆက်သွယ်သွားလာရာတွင် ယခင်က မီးရထားလမ်းကိုသာ အဓိက အားကိုး နေခဲ့ရကြောင်း၊ ၁၉၈၈ခုနှစ်နောက်ပိုင်း ရွှေဘို-မြစ်ကြီးနား ကားလမ်းကို ရာသီမရွေးသွားနိုင်သည့် အမာခံလမ်းအဖြစ် တည်ဆောက်ပေးခဲ့ကြောင်း။

ရွှေဘို-မြစ်ကြီးနားလမ်းပေါ်တွင် မိုးကောင်းတံတားသည် အဓိကကျ အရေးပါသည့်တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ ကားကူးတံတားမတည်ဆောက်မီက မီးရထားတံတားပေါ်မှ ကားရော ရထားပါ ဖြတ်သန်းသွားခဲ့ကြရကြောင်း။

ယခုအခါ နှစ်လမ်းမောင်းတံတားသစ်ကြီး တည်ဆောက်ပြီးစီးပြီဖြစ်၍ အန္တရာယ်ကင်းစွာဖြင့် တနိုင်း၊ ပူတာအိုဒေသများသို့ လည်းကောင်း၊ ဧရာဝတီမြစ် အရှေ့ခြမ်း၊ အနောက်ခြမ်းကိုလည်းကောင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ အချိန်တိုအတွင်း ဤတံတားကြီး တည်ဆောက်ပြီးစီးခြင်းမှာ တံတားအဖွဲ့(၁၅)မှ ဝန်ထမ်းများ၏စွမ်းစွမ်းတမံ ကြိုးပမ်းတည်ဆောက်မှုကြောင့် ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားကြီးများကို ဆက်တိုက်တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း၊ အခြားလိုအပ်သည့် တံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ တံတားများနည်းတူ လမ်းများ တိုးတက်ကောင်းမွန်လာရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရက စေတနာထားပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသဖြင့် ဆက်သွယ်ရေး ကောင်းမွန်လာပြီး ဒေသခံတိုင်းရင်းသားများ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ဤတံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်မှ ဦးမြင့်ထွန်းက မိုးကောင်းတံတားကို နိုင်ငံတော်က ဒေသအကျိုးအတွက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

မိုးကောင်းတံတားဖွင့်လှစ်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တံတားဖွင့်လှစ်မည့် နေရာသို့ ရောက်ရှိနေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ မိုးကောင်းတံတားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲမုခ်ဦးရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မိုးကောင်းတံတား မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုးကောင်းတံတားကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မိုးကောင်းတံတားကို မိုးကောင်းမြို့နယ် နမ့်ကောင်းချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတား၏ စုစုပေါင်း အရှည်မှာ ၉၄၅ ပေဖြစ်သည်။ တံတား၏ ယာဉ်သွားလမ်း အကျယ်မှာ ၂၁ ပေ ခြောက်လက်မဖြစ်သည်။

သံပေါင်သံကူကွန်ကရစ်

တံတားအမျိုးအစားမှာ အုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးပိုင်ဖြင့် လည်းကောင်း၊ တံတားအောက်ထည်ကို သံကူကွန်ကရစ်ဖြင့် လည်းကောင်း တည်ဆောက်ထားသည်။ တံတားအပေါ်ထည်ကို RPTသံပေါင် သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားသည်။

လူသွားလမ်းအကျယ်မှာ ချဉ်းကပ်တံတားပေါ်၌ တစ်ဖက်လျှင် ၅ပေ ၃လက်မစီနှင့် RPT သံပေါင် သံကူကွန်ကရစ် တံတားပေါ်၌ တစ်ဖက်လျှင် ၄ပေစီကျယ်သည့် လူသွားလမ်းများပါရှိသည်။

တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၁၄၀ နှင့် အမြင့် ၁၀ ပေဖြစ်သည်။ တံတား၏ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

၁၆၇ စင်းမြောက်တံတား

မိုးကောင်းတံတားမှာ ၁၉၈၈ ခုနှစ် နောက်ပိုင်း ပေ ၁၈၀ နှင့်အထက် ဖွင့်လှစ်ခဲ့သည့် တံတားများတွင် ၁၆၇ စင်းမြောက်တံတားဖြစ်သည်။

မိုးကောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ၂၇-၆-၂၀၀၂တွင် စတင်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ခွဲကာလအတွင်း ပြီးစီးအောင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

ကျူးကျော်စစ်ပွဲကြောင့် အီရတ်တို့၏ဆုံးရှုံးပျက်စီးမှုများ

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့သည် ၂၀၀၃ခုနှစ် မတ်လ ၂၀ ရက်မှစ၍ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီး ယနေ့အထိလည်း ယင်းနိုင်ငံကို ဆက်လက်၍သိမ်းပိုက်ထားဆဲဖြစ်သည်။ အီရတ်ပြည်သူများသည် ကျူးကျော်သူတို့၏ သိမ်းပိုက်အုပ်စိုးမှုအောက်တွင် ဒုက္ခပင်လယ်ဝေနေရဆဲ ဖြစ်သည်။ အီရတ်ပြည်သူများ၏ အနာဂတ်ဘ၀ မျှော်လင့်ချက်များမှာ ယနေ့တိုင်အောင် မှေးမှိန်နေဆဲ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ အီရတ်ကလေးငယ် အများအပြား သေဆုံးနေကြရသည်။ အပေါ်ပုံမှာ ၂၀၀၃ ခုနှစ် ဇူလိုင် ၁၃ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တို့ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းကာ ဒုက္ခရောက်နေသော အီရတ်မိသားစုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲအတွင်းကမပေါက်ကွဲ သေး သော ကလပ်စတာဗုံးပေါက်ကွဲထိမှန်မှုကြောင့် မျက်လုံးတစ်ဖက် ဆုံးရှုံးခဲ့ရသည့် အသက်ခုနစ်နှစ်အရွယ်ရှိ အီရတ် လူငယ် ရာရှာမိုဟာမက်ဂျာဇင်ကို ၂၀၀၃ ခုနှစ် မေ ၂၁ရက်က အီရတ်နိုင်ငံ ဘာဆာရာ ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် မေ ၃၀ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တို့ မဆင်မခြင် ကြဲချသော ဗုံးများ ပေါက်ကွဲ ထိမှန်၍ ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ အီရတ်လူငယ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ပြတိုက်မှလုယက်ခံခဲ့ရသော အီရတ် ရှေးဟောင်းလက်ရာများမှ အမျိုးအစား ၂၀၀၀ ခန့်ကို ၂၀၀၃ခုနှစ် ဇူလိုင် ၉ရက်က ဂျော်ဒန် အကောက်ခွန်ဌာနက ဖမ်းဆီး ထိန်းသိမ်းထားပြီး အမ္မန်မြို့တွင် ပြသထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျူးကျော်စစ်ပွဲကြောင့် အီရတ်တို့ဘက်မှဆုံးရှုံးပျက်စီးမှု

အကြောင်းအရာ	အဆုံးအရှုံး
ကလပ်စတာဗုံးများကြောင့် အီရတ်တို့သေဆုံးရမှု	၂၇၉ ဦး
အီရတ်စစ်ပွဲအတွင်း အီရတ်ကလေးငယ်များ သေဆုံးရမှု (၂၀၀၃ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ)	၆၉ ဦး
လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် အီရတ်တို့ သေဆုံးရမှု (၂၀၀၃ခုနှစ် မတ်လမှ စက်တင်ဘာလအထိ)	၁၁၆၉ ဦး
ကျူးကျော်သူတို့၏ မဆင်မခြင်ပစ်ခတ်ခံရမှုများကြောင့် အီရတ်တို့သေဆုံးရမှု (၂၀၀၃ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ)	၁၁၂ ဦး
အီရတ်စစ်ပွဲကာလအတွင်း အီရတ်နိုင်ငံသားများ သေဆုံးရမှု (၂၀၀၃ခုနှစ်မတ်လမှ ၂၀၀၄ ခုနှစ် ဇန်နဝါရီလအထိ)	၉၈၉၆ ဦး
အီရတ်စစ်ပွဲအတွင်း အီရတ်တပ်ဖွဲ့ဝင်များ သေဆုံးရမှု	၁၀၀၀၀ ခန့်
အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် ငွေကြေးလိုအပ်ချက်	ဒေါ်လာ ၄၉ ဒသမ ၁ ဘီလီယံ
ဘဂ္ဂဒက်ပြတိုက်မှရှေးဟောင်းပစ္စည်းများ ပျောက်ဆုံးခဲ့ရမှု	ပစ္စည်းအမျိုးအမည်ပေါင်း ၃၀၀၀ ခန့်

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် အီရတ်တို့၏နေအိမ်များ၊ အစိုးရအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ပျက်စီးခဲ့ရသည်။

(အပေါ်ပုံမှာ ၂၀၀၃ခုနှစ် ဧပြီ ၃ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်များကလေကြောင်းမှ ဗုံးကြဲတိုက်ခိုက်စဉ်အတွင်း ပြိုကျသွားသော အီရတ်တို့၏နေအိမ်အဆောက်အအုံများကို တွေ့ရစဉ်။) (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

အောက်ပုံမှာ ၂၀၀၃ ခုနှစ် ဇွန် ၂၂ ရက်က ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် မိုင်၉၀ အကွာရှိ ဟစ်မြို့အနီး၌ မဟာဗျူဟာရေနံပိုက်လိုင်းကြီး ပေါက်ကွဲပြီး မီးလောင်ကျွမ်းနေစဉ်။

(ယင်းရေနံပိုက်လိုင်း မီးလောင်ကျွမ်းသဖြင့် ဘဂ္ဂဒက်မြို့ အယ်လ်ဒိုရာ ရေနံသန့်စင်စက်ရုံ၏ ရေနံထုတ်လုပ်မှုကို ထိခိုက်စေခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

(၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

ခိုင်ခိုင်မြဲမြဲ လက်တွဲညီ

တီးခတ်ဂုဏ်ပြု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မလိခရိပ်သာ၌ ကျင်းပသော ကချင်ရိုးရာမလေ့အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲတွင် ငြိမ်းချမ်းရေးခိုင်မြဲစေသည့် ငြိမ်းချမ်းခြင်းအထိမ်းအမှတ် မင်္ဂလာမောင်းကို တီးခတ်ဂုဏ်ပြုစဉ်။

အင်လုံအင်နန်မှသည်

အင်လုံအင်နန်ကို ကျွန်တော် စိတ်ဝင်စားသည်။

ထိုထက်-

အေးမြလတ်ဆတ်သော ညဥ့်ဦးယံအခါသမယ အင်လုံအင်နန်(ကောက်သစ်)စားပွဲတော်ကျင်းပရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မလိခရိပ်သာမြက်ခင်းပြင်မှ လွင့်ပျံလာသည့် ပုံတင်သံများကို ပို၍ စိတ်ဝင်စားမြဖြစ်သည်။ စင်စစ် အင်လုံအင်နန်သည် ငြိမ်းချမ်းခြင်း၏နိမိတ်ပုံ၊ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည်။ ရင်းနှီးနွေးထွေးမှုကိုအစဉ်အမြဲဖြန့်ကြက်ပေးသည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၉ရက် ည ၇နာရီ ငြိမ်းဖောင်ဒေးရှင်းက ဂုဏ်ပြုတည်ခင်းသည့် ကချင်ရိုးရာ မလေ့ အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မလိခရိပ်သာမြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့သည်။ ယင်း အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မလိခရိပ်သာ၌ ကျင်းပသော ကချင်ရိုးရာမလေ့အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲတွင် ငြိမ်းဖောင်ဒေးရှင်းဥက္ကဋ္ဌ သိက္ခာတော်ရဒေါက်တာဆဘွဲဂျမ်က ရှိသေလေးမြတ်ခြင်းကို အမှတ်ပြုသည့် ကချင်ရိုးရာငွေဓားနှင့် ငွေမောင်းလွယ်အိတ်တို့ကို ဂါရဝပြုလက်ဆောင်အဖြစ် ပေးအပ်စဉ်။

မြင့်စိုး (နတလ)

ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်လူကြီးများ၊ ကချင်ပြည်နယ် အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင်ဦးစခုန်တိန့်ယိန်းနှင့် အဖွဲ့ဝင်များ၊ အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင် ဦးလမုန်တူးဂျိုင်နှင့် အဖွဲ့ဝင်များ၊ ငြိမ်းဖောင်ဒေးရှင်းဥက္ကဋ္ဌ သိက္ခာတော်ရ ဒေါက်တာ ဆဘွဲဂျမ်နှင့် အဖွဲ့ဝင်များ၊ သိက္ခာတော်ရဆရာများ၊ ခရစ်ယာန်အသင်းတော်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၎င်းအပြင် အင်လုံအင်နန်(ကောက်သစ်)ညစာစားပွဲသို့ မွန်ပြည်သစ်ပါတီ၊ ကယန်းပြည်သစ်ပါတီ၊ ကရင်နီ အမျိုးသားဒီမိုကရက်တစ်ပါတီ၊ ကယားပြည်နယ်လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦးတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ကရင်၊ မွန်၊ ချင်း၊ ကယား၊ 'ဝ'တိုင်းရင်းသားငြိမ်းချမ်းရေးအကျိုးတော်ဆောင်များပါ တက်ရောက်ကြရာ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ဆင်နွှဲခဲ့သည့် ပွဲတော်တစ်ခုပါပေ။

အခမ်းအနား၌ ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက သီဆိုဖျော်ဖြေသွားသော တေးသီချင်းများကလည်း အနှစ်သာရပြည့်ဝလှသည်။ **"ပြည်ထောင်စုရဲ့သွေးချင်းများ"၊ "မြန်မာပြည်ကို ချစ်တဲ့သူတွေ"၊ "ပြည်ထောင်စုနိုင်ငံ"၊ "မြဲလက်တွဲ"**အမည်ရတေးသီချင်းများ။

အင်လုံအင်နန်(ကောက်သစ်)ညစာစားပွဲ အခမ်းအနား၌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အောက်ပါအချက်များကို အလေးအနက်ထည့်သွင်းမိန့်ကြားခဲ့သည်-

"နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ထောင်စုကြီးမပျက်မယွင်း မပြိုမကွဲစေရဘဲ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအကြား၊ သမိုင်းအစဉ်အဆက်က ဖြစ်ထွန်းတည်ရှိ လာခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီး၏ မိသားစုဘဝ အနှစ်သာရတို့ အစဉ်ထာဝရ တည်တံ့ခိုင်ခံ့စေရအောင်၊ ရေရှည်အာမခံနိုင်မည့် နိုင်ငံတော်၏ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

"တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးကိုလည်း ယနေ့ ပြည်ထောင်စုကြီးအတွင်း ဖြစ်ထွန်းနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးဝေစည်မှု အမွန်အမြတ်တရားများ ဆက်လက်တိုးပွားခိုင်ခံ့စေရေးနှင့် ပြည်ထောင်စုကြီး နိစ္စထာဝရ တည်တံ့ခိုင်မြဲစေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးစိတ်ဓာတ်အရင်းခံပြီး နိုင်ငံတော်ရှေ့ဆက်ချီတက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ကြီး ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်ကြပါဟု တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးကို တိုက်တွန်းပြောကြားလိုကြောင်း။"

တိုင်းရင်းသားခေါင်းဆောင်များကလည်း နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားပြောကြားကြသည်။ ဦးလမုန်တူးဂျိုင်က **"မိမိတို့သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်၍ လူမျိုးမရွေး၊ ဘာသာမရွေး မိမိတို့အားလုံး စည်းလုံးညီညွတ်စွာဖြင့် အချင်းချင်းစိတ်ရင်းစေတနာ မှန်ကန်စွာ လက်တွဲပြီး နှစ်သစ်ဆီသို့ ချီတက်ကြပါစို့"**ဟု ဖိတ်ခေါ် ကြိုဆိုသွားခဲ့သည်။

ဦးစခုန်တိန့်ယိန်းကလည်း **"မိမိတို့တိုင်းရင်းသား အသီးသီး နိုင်ငံတော်နှင့် လက်တွဲဆောင်ရွက်နေသကဲ့သို့ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများကလည်း တပ်မတော်နှင့်လက်တွဲပူးပေါင်းဆောင်ရွက်၍ ပြီးပြည့်စုံသော ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ကြမည်ဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာပေါ်တွင် အသာယာဆုံး၊ အတိုးတက်ဆုံး၊ စည်းလုံးညီညွတ်မှု အကောင်းဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဟု မမိုတ်မသုန် ယုံကြည်ပါကြောင်း၊ နိုင်ငံတော်အစိုးရ ဦးဆောင်လျက်ပြည်သူများ၏ စားဝတ်နေရေး၊ အေးချမ်းသာယာရေး အတွက် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်နှင့်အညီ တိုင်းရင်းသားလူမျိုးအားလုံးသည်လည်း အခွင့်အရေးမျှတစွာ ခံစားရမည်ဟု ယုံကြည်ထားပါကြောင်း"**ပြောကြားသွားခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မလိခရိပ်သာ၌ ကျင်းပသော ကချင်ရိုးရာမလေ့အင်လုံအင်နန်(ကောက်သစ်)ညစာစားပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များ၊ ကချင်တိုင်းရင်းသား တိုင်းရင်းသူများ ငြိမ်းချမ်းခြင်းအထိမ်းအမှတ် မင်္ဂလာမောင်းနှင့်အတူ စုပေါင်း ဓာတ်ပုံရိုက်ကြစဉ်။

ကျေးလက်မှသည် ပြည်ထောင်စုကြီးတစ်ခုလုံးအထိ ထူထောင်သွားရမည်

နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် ကျေးလက်မှစ၍ တည်ဆောက်ရခြင်းဖြစ်ပြီး ကျေးလက်မှ မြို့နယ်၊ မြို့နယ်မှခရိုင်၊ ခရိုင်မှ ပြည်နယ်/တိုင်း၊ ပြည်နယ်/တိုင်းမှ ဗဟိုအဆင့်ဆင့် တည်ဆောက်ရမည်။ ထို့ကြောင့် အခြေခံအကျဆုံးဖြစ်သော ကျေးလက်ဒေသများမှသည် ပြည်ထောင်စုကြီး တစ်ခုလုံးအထိ ထူထောင်သွားရမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၃၅)သင်တန်းဆင်းပွဲ သြဝါဒမိန့်ခွန်းမှ-

လျှပ်စစ်ဓာ

အကြောင်းအရာ
အသုံးပြုယူနစ်သန်းပေါင်း
အမြင့်ဆုံးဝန်အား(မဂ္ဂါဝပ်)
စက်တပ်ဆင်အင်အား(မဂ္ဂါဝပ်)
၂၃၀ကေဗွီဓာတ်အားလိုင်း(မိုင်)
၁၃၂ကေဗွီဓာတ်အားလိုင်း(မိုင်)
ရေအားလျှပ်စစ်စီမံကိန်း
သဘာဝဓာတ်ငွေ့စက်ရုံ
တည်ဆောက်ဆဲ
ဓာတ်အားပေးစက်ရုံစီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်ကိုရယူခဲ့ပြီးနောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ခဲ့သည်။ ထို့နောက် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခု သတ်မှတ်၍ စီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံ၏အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လူဦးရေသည် ၇၀ ရာခိုင်နှုန်းရှိသဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများလက်တွဲကြိုးပမ်းခဲ့သဖြင့် တစ်နိုင်ငံလုံးရှိ နယ်စပ်ဒေသများ၊ မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်မှုများ၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုများ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသော ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုများပေါ်ထွက်နေပြီဖြစ်ရာ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများ၏ ပကတိအရှိတရားများကို ကိန်းဂဏန်းများ၊ ဓာတ်ပုံမှတ်တမ်းများဖြင့် ဝေဝေဆာဆာဖော်ပြအပ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့က စုစည်းတင်ပြသည်။



လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်မည့် ပျဉ်းမနားမြို့အရှေ့ဘက် ကျည်တောင်ရွာအနီးရှိ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ရေလွှဲဥမင်လိုဏ် အမှတ်(၁) အဝင်ဝ ရေပိတ်တံခါးကို တွေ့ရစဉ်။

မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးတံတားဖြစ်လာမည့် သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ပြီးစီးမှုကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၉ရက်က မုတ္တမဘက်ကမ်းမှ တွေ့ရစဉ်။

လမ်းပန်းဆက်သွယ်ရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
တံတား(ပေ၁၈၀အထက်)	၁၆	၁၆၇
ရထားသံလမ်း(မိုင်)	၂၇၉၃	၃၈၉၇
လေယာဉ်ကွင်း	၂၁	၂၇
ဂျက်လေယာဉ်ကွင်း	၆	၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း

အကြောင်းအရာ	၁၉၈၈	၂၀၀၄
စိုက်ပျိုးဖြစ်ထွန်းဧက	–	၂၀၀၀၀၀၀
စပါးထွက်ရှိ(တင်းသန်း)	၆၃၀	၁၀၀၀
ဆည်မြောင်းတာတမံ	၁၃၈	၂၉၄
တည်ဆောက်ဆဲတာတမံ	–	၃၉
မြစ်ရေတင်စီမံကိန်း	–	၂၆၅

ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ ဆေးရုံရှိ ပြင်ပလူနာဌာန။

ကျန်းမာရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ဆေးရုံ	၆၃၁	၇၇၄
ဆေးပေးခန်း	၂၄၇	၄၂၉
ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၀၄
ဒေသန္တရကျန်းမာရေးဌာန	၆၄	၈၄
တိုင်းရင်းဆေးခန်း	၉၉	၂၁၄

ကျေးလက်ဒေသဖွံ့ဖြိုးရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
အခြေခံပညာကျောင်း	–	ကျေးရွာငါးရွာတွင် အနည်းဆုံး ကျောင်း၃ကျောင်း
ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၀၄
ကျေးလက်အိမ်ရာ	–	၂၇၆
ကျေးလက်ရေရရှိရေး(ရွာ)	–	၅၀၂၄
ကျေးလက်လမ်းမိုင်	–	၃၅၂၉၂
စိုက်ပျိုးမွေးမြူရေး (ကြက်၊ ဝက်)	–	ပြည်နယ်တိုင်းတစ်ခုစီတွင် မြို့နယ်နှစ်ခုမှ လေးခုထိ သတ်မှတ်၍ စခန်း ၃၄ခု

ဖေဖော်ဝါရီ ၈ ရက်က ကော့မှူးမြို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း အဆောက်အအုံသစ်ကို တွေ့ရစဉ်။

ပညာရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
အခြေခံပညာကျောင်းပေါင်း	၃၃၇၄၇	၄၀၀၄၉
တက္ကသိုလ်၊ ကောလိပ်	၃၂	၁၅၄
နည်းပညာတက္ကသိုလ်	–	၄
ကွန်ပျူတာတက္ကသိုလ်	–	၂
လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	–	၁
ရေကြောင်းပညာတက္ကသိုလ်	–	၁
နည်းပညာကောလိပ်	–	၂၆
ကွန်ပျူတာကောလိပ်	–	၂၄

ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုရှိ မအူပင်တက္ကသိုလ်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

ဂုဏ်ပြုမှတ်တမ်းဓာတ်ပုံ

လျှပ်စစ်စွမ်းအား

အကြောင်းအရာ	၁၉၈၈	၂၀၀၄
အသုံးပြုယူနစ်သန်းပေါင်း	၂၂၂၆.၄၅	၅၀၆၄.၂၀
အမြင့်ဆုံးဝန်အား(မဂ္ဂါဝပ်)	၃၀၀	၈၀၀
စက်တပ်ဆင်အင်အား(မဂ္ဂါဝပ်)	၇၀၆.၈၂	၁၂၁၉.၈၁
၂၃၀ကေဗွီဓာတ်အားလိုင်း(မိုင်)	၆၀၀	၈၅၀
၁၃၂ကေဗွီဓာတ်အားလိုင်း(မိုင်)	၇၉၀	၁၁၆၅
ရေအားလျှပ်စစ်စီမံကိန်း	–	၂၈
သဘာဝဓာတ်ငွေ့စက်ရုံ တည်ဆောက်ဆဲ	–	၆
ဓာတ်အားပေးစက်ရုံစီမံကိန်း	–	၁၁

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို အကောင်အထည်ဖော်လျက်ရှိရာ မကွေးတိုင်း မကွေးမြို့နယ် နတ်ရေကန်ကျေးရွာတွင် စက်ယန္တရားကြီးများဖြင့် လေးလက်မစက်ရေတွင်းကို တူးဖော်နေစဉ်။

စွမ်းအင်

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ရေနံစိမ်း (စည်ထောင်ပေါင်း)	၄၂၉၉	၇၇၁၀
ရေနံပိုက်လိုင်းမိုင် (ကုန်းတွင်း)	၁၇	၇၀
ဓာတ်ငွေ့ပိုက်လိုင်းမိုင်(ကုန်းတွင်း)	၃၉၁	၁၄၀၁
ဓာတ်ငွေ့ပိုက်လိုင်းမိုင်(ကမ်းလွန်)	–	၄၂၅
ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ	၁၃	၁၈



...ဝပ် ၁၈၃၉ ထုတ်လုပ်နိုင်မည့် ...ည်တောင်ရွာအနီးရှိ ပေါင်းလောင်း ...လွှဲဥမင်လိုဏ် အမှတ်(၁) အဝင်ဝ

...စိုက်ပျိုးရေးနှင့် ...ဥမြောင်း

	၁၉၈၈	၂၀၀၄
	–	၂၀၀၀၀၀၀
	၆၃၀	၁၀၀၀
	၁၃၈	၂၉၄
	–	၃၉
	–	၂၆၅



ရောဝတီတိုင်း ညောင်တုန်းဒေသ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ ညောင်တုန်းတွင်းသစ်အမှတ်(၁၉)မှ သဘာဝဓာတ်ငွေ့နှင့် လေဆီများထွက်ရှိမှုကို ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။

...းမာရေး

	၁၉၈၈	၂၀၀၄
	၆၃၁	၇၇၄
	၂၄၇	၄၂၉
	၁၃၃၇	၁၄၀၄
	၆၄	၈၄
	၉၉	၂၁၄

စက်မှုလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
နိုင်ငံပိုင်စက်ရုံများ	၅၆၇	၇၂၃
သမဝါယမပိုင်စက်ရုံများ	၁၃၉	၁၅၇
ပုဂ္ဂလိကစက်ရုံများ	၃၉၁၅၉	၄၄၇၄၉
လယ်ယာကုန်ထုတ်စက်ရုံများ	၁၅၃	၁၈၉

ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုရှိသည့်အနက် တစ်ခုအပါအဝင်ဖြစ်သည့် ရောဝတီတိုင်း မအူပင်မြို့နယ်ရှိ မအူပင်တက္ကသိုလ်။

စက်မှုဇုန်(၁၉)ဇုန်

စဉ်	စက်မှုဇုန်အမည်	စဉ်	စက်မှုဇုန်အမည်
၁။	မန္တလေး	၁၁။	မုံရွာ
၂။	မြင်းခြံ	၁၂။	ပဲခူး
၃။	ရန်ကုန်အရှေ့ပိုင်း	၁၃။	တောင်ကြီးအေးသာယာ
၄။	ရန်ကုန်အနောက်ပိုင်း	၁၄။	ရေနံချောင်း
၅။	ရန်ကုန်တောင်ပိုင်း	၁၅။	ပုသိမ်
၆။	ရန်ကုန်မြောက်ပိုင်း	၁၆။	မြိတ်
၇။	မိတ္ထီလာ	၁၇။	ပြည်
၈။	မြောင်းမြ	၁၈။	ပခုက္ကူ
၉။	ဟင်္သာတ	၁၉။	ကလေး
၁၀။	မော်လမြိုင်		

စက်မှုလယ်ယာ

ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများ
လက်တွန်းထွန်စက်
ရိတ်သိမ်းခြွေလှေ့စက်
လယ်ထွန်စက်
ရေစုပ်စက်
ထော်လာဂျီ
ထယ်သွား၊ထွန်သွား
နောက်တွဲယာဉ်
လယ်သမားသုံးကိရိယာများ

ပြန်ကြားရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ	၁၅	၁၆၆
ပြန်/ဆက်ရုံးနှင့် စာကြည့်တိုက်များ	၁၀၀	၃၆၀
စာကြည့်တိုက်များ(ကိုယ့်အားကိုယ်ကိုး)	–	၁၇၈၂
ကိုယ်ပွားသတင်းစာတိုက်များ		
မန္တလေး	–	၁
တောင်ကြီး	–	၁
မကွေး	–	၁
ကျိုင်းတုံ	–	၁
ကလေး	–	၁
မြစ်ကြီးနား	–	၁
စစ်တွေ	–	၁

ရန်ကုန်မြို့ MICT Park အတွင်းရှိ Bagan Cyber Tech ဂြိုဟ်တု ဆက်သွယ်ရေးစခန်းနှင့် တာဝါတိုင်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ ဖြိုး တိုးတက်ရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)ရှိ ပန်ဆန်း(ပန်ခမ်း)မြို့ ကိုဤသို့ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခဲ့သည်။



ဆက်သွယ်ရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
စာတိုက်စခန်း	၁၁၁၅	၁၃၀၇
ကြေးနန်းစခန်း	၃၁၀	၄၆၀
တယ်လီဖုန်းလိုင်း	၆၇၀၁၆	၃၄၂၃၇
ဆယ်လ်လူလာတယ်လီဖုန်းစနစ်	–	၈၅၀၀
Digital European Cordless Telecommunication System	–	၂၇၀၀
CDMA တယ်လီဖုန်း Fixed	–	၁၈၂၅၀
°Mobile	–	၁၁၈၀၀
GSM Mobile	–	၂၁၉၀၀

နယ်စပ်ဒေသဖွံ့ဖြိုးရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
မြေလမ်း (မိုင်)	–	၂၇၄၈
ကျောက်ခင်းလမ်း (မိုင်)	–	၁၅၇၈
ကတ္တရာလမ်း (မိုင်)	–	၂၉၇
တံတား(အကြီး)	–	၄၂
ဆေးရုံ	–	၅၂
အခြေခံပညာကျောင်း	–	၇၈၂
ရေရရှိရေး(ကျေးရွာ)	–	၇၇၆၀

မန္တလေးတိုင်း ကျောက်ဆည် မြို့နယ် ကျောက်ဆည် စက်မှုနယ်မြေ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနက တည်ဆောက် အကောင်အထည် ဖော်ခဲ့သော တန် ၅၀၀ ကျ ဘိလပ်မြေစက်ရုံကြီးကို တွေ့ရစဉ်။

စာမျက်နှာ ၇ ဆောင်းပါးမှအဆက်

ကချင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားခေါင်းဆောင်များ၏ နှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက်စကားများတွင် **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်း** ဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ဖော်ဆောင်သွားမည့်သန္နိဋ္ဌာန်စိတ်များကို အထင်းသားတွေ့မြင်နေရသည်။ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့် တပ်မတော်အပေါ် ယုံကြည်ကိုးစားမှုရှိကြောင်းကိုလည်း ဖော်ထုတ်ပြသလျက်ရှိသည်။

နိုင်နိုင်မြဲမြဲလက်တွဲညီ

စင်စစ်သော်ကား ၎င်းတို့သည် (ငြိမ်းချမ်းရေးအဖွဲ့အစည်း များသည်) နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်ရယူနိုင်ခဲ့ခြင်းမှာ ဒို့တာဝန်အရေးသုံးပါးကို ယုံကြည်သက်ဝင်၍ပင်တည်း။

ဤသို့ယုံကြည်သက်ဝင်သည်နှင့်အညီ နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို လှိုက်လှဲစွာကြိုဆိုထောက်ခံခဲ့ကြသည်။ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အောက်ဖော်ပြပါ ငြိမ်းချမ်းရေး အဖွဲ့အစည်းအသီးသီးက ယှဉ်တွဲပါ နေ့ရက်များအလိုက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ လာရောက်တွေ့ဆုံ ရှင်းလင်းတင်ပြခဲ့ကြသည်–

- မွန်ပြည်သစ်ပါတီအဖွဲ့ ၂၁-၈-၂၀၀၃
- ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)အဖွဲ့ ၁၇-၁၁-၂၀၀၃
- ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)အဖွဲ့ ၂၁-၁၁-၂၀၀၃
- ကချင်ပြည်နယ်အထူးဒေသ(၂)အဖွဲ့ ၂၉-၁၁-၂၀၀၃
- ကချင်ပြည်နယ်အထူးဒေသ(၁)အဖွဲ့ ၅-၁၂-၂၀၀၃
- ကယန်းပြည်သစ်ပါတီအဖွဲ့ ၂၅-၁၂-၂၀၀၃
- ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆) ၂၇-၁၂-၂၀၀၃
  PNO ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
- ကယားပြည်နယ်အထူးဒေသ(၂)အဖွဲ့ ၃-၁-၂၀၀၄
- ရှမ်းပြည်နယ်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ ၇-၁-၂၀၀၄
- ကယားပြည်နယ်အထူးဒေသ(၁)အဖွဲ့ ၉-၁-၂၀၀၄
- ရှမ်းတိုင်းရင်းသားအဖွဲ့(ရွှေပြည်အေး) ၁၄-၁-၂၀၀၄
- ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)အဖွဲ့ ၁၉-၁-၂၀၀၄
- ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅)အဖွဲ့ ၂၂-၁-၂၀၀၄
- ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၇)အဖွဲ့ ၂၃-၁-၂၀၀၄
- ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့ ၂၇-၁-၂၀၀၄
  (အောင်ဇေယျငြိမ်းချမ်းရေးရွာ)

ကျန် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ အနေဖြင့်လည်း ဆက်လက်၍ ကြိုဆိုထောက်ခံကြဦးမည်သာ။

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်မူးယစ်ဆေးဝါးပပျောက်ရေး

တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများအနေဖြင့်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တွေ့ဆုံစဉ် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းကဏ္ဍအသီးသီး၌ အရှိန်အဟုန်မြှင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အစီအမံများတင်ပြကြသည်။ နိုင်ငံတော်အစိုးရကပံ့ပိုးကူညီပေးရမည့်ကိစ္စရပ်များ၊ တိုင်းရင်းသားများက ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေသော လုပ်ငန်းရပ်များပါဝင်သည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ ယနေ့ဆိုလျှင် ၁၅ နှစ်နီးပါး ကာလအတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်၏။ ကချင် အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)၊ ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ရှမ်းဒေသ၊ ပလောင်ဒေသ၊ ကချင်အရှေ့မြောက်ဒေသ၊ ကျိုင်းတုံ အရှေ့ဒေသ၊ မော်ဖဒေသ၊ ပအိုဝ်းဒေသ၊ ကယားဒေသ၊ မွန်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ နာဂဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသများတွင် နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၃၁-၁၂-၂၀၀၃ ရက်နေ့ထိ ငွေကျပ် သန်းပေါင်း ၅၀၂၄၅ ဒသမ ၇၅ သန်းကျခံ သုံးစွဲခဲ့ပြီးဖြစ်သည်။

တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌သာမက မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကိုပါ အားသွန်ကြိုးပမ်းဆောင်ရွက်နေကြောင်းတွေ့ရသည်။ စိုက်ပျိုးထွက်ရှိလာသောဘိန်းအစားထိုးသီးနှံထွက်ကုန်များကို ပြည်တွင်း/ပြည်ပဈေးကွက်များသို့ ကျယ်ကျယ်ပြန့်ပြန့်တင်ပို့ရောင်းချရန်၊ရော်ဘာကုန်ချောများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

နိစ္စထာဝရတည်တံ့ခိုင်မြဲရေး

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားညီအစ်ကိုများအကြား အထင်အမြင်လွဲမှားမှု၊ စိတ်ဝမ်းကွဲပြားမှု၊ သူတစ်ပါး သွေးခွဲသပ်လျှိုမှုများကို နားယောင်မှုများ မဖြစ်ပေါ်စေရန်အတွက် လည်းကောင်း၊ ပြည်နယ်တိုင်းဒေသများအားလုံး ဟန်ချက်ညီညီမျှမျှတတဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန်အတွက် လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်ရှေ့ဆက်ချီတက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ကြီးခုနစ်ရပ်ကို ပြည်နယ်နှင့် တိုင်းအသီးသီးမှ တိုင်းရင်းသားပြည်သူများအားလုံးက လှိုက်လှိုက်လှဲလှဲကြိုဆို ထောက်ခံခဲ့ကြသည်။ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးကလည်း လှိုက်လှဲကြိုဆိုထောက်ခံခဲ့ကြရုံမျှမက တက်ကြွစွာ ပူးပေါင်းပါ ဝင်ဆောင်ရွက် ကြမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့ကြပေပြီ။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ ငြိမ်းချမ်းရေးကိုတည်ဆောက်ခဲ့ကြသည်။ ဒေသဖွံ့ဖြိုးရေးအတွက် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော် အတွက် အရေးကြီးလှသော မူဝါဒလမ်းစဉ်ကြီးခုနစ်ရပ်အပေါ် ကြိုဆို ထောက်ခံခဲ့ကြသည်။ ထိုမှပြည်ထောင်စုကြီးနိစ္စ ထာဝရတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော် ရှေ့ဆက်ချီတက် လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ကြီးခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဦးမည်။

တိုင်းရင်းသားသွေးချင်းညီအစ်ကိုအားလုံးခိုင်ခိုင်မြဲမြဲလက်တွဲညီ။ ။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ယနေ့ မြန်မာ ထွက်ပြီ



ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြုစုပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ယနေ့မြန်မာအတွဲ(၆)၊အမှတ်(၃)(အင်္ဂလိပ်)စာအုပ်ကို ယနေ့မှစ၍ စာအုပ်ဆိုင်များတွင် စတင်ရောင်းချနေပြီဖြစ်သည်။ **(ယာပုံ)**

ဤစာအုပ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ ပုဂံလူထုအစည်းအဝေး၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ရှမ်းပြည်နယ်ခရီးစဉ်၊နဝမအကြိမ် အာဆီယံထိပ်သီးညီလာခံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေး၊ အိန္ဒိယဒုတိယသမ္မတနှင့်ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးတို့၏ မြန်မာပြည် ချစ်ကြည်ရေးခရီးစဉ်များ၊ အဆို၊အက၊အရေး၊အတီးပြိုင်ပွဲစာပေဆုနှင်းသဘင်၊ ဂုဏ်ရည်မြင့်မား မြန်မာအင်ဂျင်နီယာများ၊ ပန်းချီ၊ ပန်းပုအရောင်းပြခန်းများ စသည့်အကြောင်းအရာများကို ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

Myanmar Today စာအုပ်ကို ကုန်သည်လမ်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နှင့် ခရိုင်ရုံး၊ မြို့နယ်ရုံးများတွင် ယနေ့မှစ၍ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆီအုန်းစိုက်ပျိုးထုတ်လုပ်ရေးကိစ္စများ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်ဝန်ကြီးညှိနှိုင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်သည် ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဆီအုန်းစိုက်ပျိုးရေးဆောင်ရွက်လျက်ရှိကြသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က အမှာစကားပြောကြားရာ၌ ပုဂ္ဂလိက လုပ်ငန်းရှင် အဖွဲ့များက ပြည်နယ်နှင့်တိုင်းများတွင် ဆီအုန်းတိုးချဲ့စိုက်ပျိုးမှုလျာထားကေပြီးစီးရေး၊ ဝန်ကြီးဌာနမှ လိုအပ်ချက်များ ဖြည့်ဆည်း ကူညီပံ့ပိုးရေးကိစ္စများ မှာကြားသည်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက စီးပွားဖြစ် ဆီအုန်းပင်တိုးချဲ့စိုက်ပျိုးရေးနှင့် ဆီအုန်းဆီကြိတ်စက်ရုံများ တည်ထောင်ရေးအတွက် နှစ်အလိုက်ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက နှစ်ရှည်နှစ်တို ချေးငွေရရှိရေးကိစ္စများ၊ အဆိုပြုတင်ပြရမည့် လုပ်ငန်းရပ်များကို တင်ပြသည်။

(သတင်းစဉ်)

ပဉ္စမအကြိမ် ဘင်းမ်စတက်အစည်းအဝေး ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ကျင်းပသည့် ပဉ္စမအကြိမ် ဘင်းမ် စတက်ကုန်သွယ်ရေး စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူး ဦးတင့်သွင်လည်း ပြန်လည်လိုက်ပါလာသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၁ ရက်က (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ပြည်ထောင်စုတိုင်းရင်းသားကိုယ်စားလှယ်များဖြစ်ကြသည့် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ကိုယ်စားလှယ်များ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

လှော်ကားဥယျာဉ် ပြည်ထောင်စုနေ့ ဖွင့်လှစ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်(ကြာသပတေးနေ့)ပြည်ထောင်စုနေ့တွင် အများပြည်သူများပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် အတွက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၁ ရက်က (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ပြည်ထောင်စု တိုင်းရင်းသား ကိုယ်စားလှယ်များဖြစ်ကြသည့် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၂-၂-၂၀၀၄ (ကြာသပတေးနေ့)
(၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက် အဖိတ်နေ့)

နံနက်ပိုင်း

- ၆:၃၀ ၁။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
- ၈:၀၀ ၂။ နံနက်ခင်းသတင်း
- ၈:၁၀ ၃။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၂၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၃၀ ၅။ International News
- ၈:၄၅ ၆။ Let's Go.
- ၉:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English For Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
- ၁၇:၀၀ ၅။ တေးသရုပ်ဖော်အစီအစဉ်
- ၁၇:၁၅ ၆။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၇:၃၀ ၇။ **"ချစ်သောမြေ ချစ်သောရေ"** (ရာဇာနေဝင်း၊ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၇:၃၅ ၈။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၄၅ ၉။ ရှမ်းရိုးရာဝတ်စားဆင်ယင်မှု
- ၁၇:၅၀ ၁၀။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈:၀၅ ၁၁။ ငွေတောင်သူတို့ရိုးရာဂျပ်ခုတ် အထည်ရတနာ
- ၁၈:၁၅ ၁၂။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ Milo Success in Soccer
- ၁၉:၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၁၆)
- ၁၉:၄၅ ၁၇။ ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "ဂုဏ်ပြုထိုက်ပေပင်လုံမြေ"
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "ပြည်ထောင်စုကြီးစုစည်းခိုင်မာအနာဂတ်ခရီးရှုမငြီးသာယာ"
- ၂၂။ ရုပ်မြင်သံကြားဇာတ်လမ်း **"စည်းလုံးခြင်းရဲ့အရသာ"** (ကိုကိုလင်းမောင်၊ မြတ်ကေသီအောင်)(ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

● (၅၇)နှစ်မြောက်မှ

ပြပွဲတွင် မျိုးဆက်သစ်လူငယ်လူရွယ်များစိတ်ဝင်စားသည့် ကွန်ပျူတာ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကိုလည်း ကျင်းပပေးလျက်ရှိသည်။ ကွန်ပျူတာ ပဟေဠိပြိုင်ပွဲနှင့်ပတ်သက်၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ဌာနမှူး ဦးမြသိန်းက "ဒီပြိုင်ပွဲကို ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်က ကြီးမှူးကျင်းပပါတယ်။ မာကင်တော့ ကွန်ပျူတာဖြင့် မြန်မာစာ မေးခွန်း၂၅၀ကိုပြုစုကာ ကွန်ပျူတာမှာ ခေါ်ယူဖြေဆိုစေပါတယ်။ တစ်ကြိမ် ကျောင်းအဖွဲ့အစည်းများက လေ့လာသူ ၃၀ တစ်ပြိုင်တည်း ဖြေဆိုစေပြီး အမှတ်အများဆုံး ရရှိသူအား ငွေကျပ် ၄၀၀၀ တန်ဖိုးရှိ ကျောင်းသုံး စာအုပ်စာရေးကိရိယာဆုတစ်ဆု ချီးမြှင့်ပါတယ်။ တစ်နေ့ကို လေးကြိမ် ကျင်းပပေးပါတယ်။ ICTခေတ်မှာ လူငယ်လူရွယ်တိုင်း ကွန်ပျူတာကို ကျွမ်းကျင်နေဖို့ရည်ရွယ်တာပါ"ဟုပြောကြားသည်။

အင်တာနက်ပြခန်း

အင်တာနက်ပြခန်းနှင့်ပတ်သက်၍ မခင်လဲ့ယု (Marketing Excutive Bagan Cybertech)က "အင်တာနက်ကိုလွယ်လွယ်ပြောရရင် တစ်ကမ္ဘာလုံးမှာရှိတဲ့ ကွန်ပျူတာ ကွန်ရက်လေးတွေကို စုစည်းထားတဲ့ ကမ္ဘာ့ကွန်ပျူတာ ကွန်ရက်ကြီးပဲ ဖြစ်ပါတယ်။ အင်တာနက်ဆိုတာ တစ်ကမ္ဘာလုံးကလူတွေအသုံးပြုတဲ့ အကြီးဆုံးစာကြည့်တိုက်ကြီးတစ်တိုက်လို့ပြောရင် လွန်မယ်မထင်ပါဘူး။ ဒါပေမယ့် အင်တာနက်မှာ စာရွက်တွေ၊ စာအုပ်စာတမ်းတွေမရှိပါဘူး။ အင်တာနက်ထဲမှာ စာတွေ၊ ရုပ်ပုံတွေ၊ အသံတွေ၊ သီချင်းတွေ၊ ရုပ်ရှင်တွေကို မာလ်တီမီဒီယာစာအုပ်အနေနဲ့ တွေ့မြင်နိုင်ပါတယ်။ ဒီကနေ့ ကမ္ဘာပေါ်က လူဦးရေသန်း ၆၀၀ကျော် အင်တာနက်ကို အသုံးပြုနေကြပါတယ်"ဟုပြောပြသည်။

အမှတ်(၁)စက်မှုပြခန်း

ပြည်ထောင်စုနေ့ ပြခန်းတွင် အရောင်အသွေး စုံစုံလင်လင်ဖြင့် လာရောက်ကြည့်ရှုသူများ အထူးစိတ်ဝင်စားသည်က စားသောက်ကုန်အမျိုးမျိုး၊ လူသုံးကုန်အမျိုးမျိုးကို ပြသထားသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြခန်းပင်ဖြစ်သည်။ အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြခန်းနှင့် ပတ်သက်၍ ဦးပွင့်လန်း(ထွေ/ထိန်း)နှင့် မစိုးစိုးနိုင်(စက္ကူ/ဓာတု)တို့က "စက်မှု(၁) ပြခန်းမှာ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆိုပြီး ပြသထားပါတယ်။

ပစ္စည်းတွေက အရောင်အသွေးစုံနေတာက ဝင်းသူဇာအရောင်းဆိုင်မှာ တင်တဲ့ပစ္စည်းမျိုးစုံအပြင် ထပ်မံထုတ်လုပ်တဲ့ ပစ္စည်းတွေ ပြည်သူသိရှိအောင် ပြသထားလို့ဖြစ်ပါတယ်။ မြန်မာပြည်မှာ ပလိတ်စက်ရုံက ထုတ်လုပ်တဲ့ သတင်းစာ စက္ကူကို ပြသထားသလို ကလေးစီးစက်ဘီးနဲ့ မသန်မစွမ်းသူများသုံး(Wheel Chair)ကိုလည်း ပြသထားပါတယ်။ ကျောက်ဆည် စက်မှုနယ်မြေက ထုတ်လုပ်သည့် မောင်မြန်မာ အပ်ချုပ်စက်ကိုလည်း အထူးအလေးထားပြသထားပါတယ်။ အပ်ချုပ်စက်ခေါင်းကို ငွေကျပ် ၁၅၀၀၀၊ ဖရိမ်ခြေနင်းခုံကို ငွေကျပ် ၉၀၀၀ ပေါင်း ငွေကျပ် ၂၄၀၀၀သတ်မှတ်ရောင်းချပေးပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ပညာရေးပြခန်း

ပညာရေးဝန်ကြီးဌာနပြခန်းနှင့် ပတ်သက်၍ အမှတ်(၁)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသဇင်(ခ)ဒေါ်သင်းသင်းအေးက"ပညာရေးပြခန်းမှာ ၂၀၀၃/၂၀၀၄ ပညာရေးစုံညီပွဲတော် လှုပ်ရှားမှုမှတ်တမ်းများ၊ ကျောင်းနေအရွယ်လူငယ်များ ကျောင်းအပ်နှံမှု မှတ်တမ်းများ၊ ၉၈ ဒသမ ၉၃ ရာခိုင်နှုန်းအထိ ကျောင်းအပ်နှံမှုစာရင်း၊ အီလက်ထရွန်နစ်နည်းစနစ်သုံး ကျောင်းပြင်ပပညာရေး နှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်း ၂၀၀၄ ခု ဇန်နဝါရီ ၁ ရက်မှ စတင်ဖွင့်လှစ်တဲ့ မြင်းခြံဒီဂရီကောလိပ် အဆောက်အအုံပုံစံကို ပြသထားပါတယ်"ဟု ရှင်းပြသည်။

ပြည်ထောင်စုနေ့ ပြပွဲနှင့်ပတ်သက်၍ ပြပွဲလာ ကချင်တိုင်းရင်းသူ ဒေါ်ကေထွဲတူက "ပြည်ထောင်စုနေ့ပြခန်းမှာ တိုင်းရင်းသားအားလုံးရဲ့ ဓလေ့ထုံးစံများကို မြင်တွေ့ရသဖြင့် ရင်းနှီးခင်မင်မှု ဖြစ်စေပါတယ်။ စည်းလုံးညီညွတ်မှုကိုလဲ ဖြစ်စေပါတယ်။ ပြည်နယ်တိုင်း ဒေသတိုင်းအံ့မခန်းတိုးတက်နေတာတွေ မြင်တွေ့လို့ ပြည်ထောင်စုသားအနေနဲ့ ဝမ်းမြောက်ကြည်နူးရပါတယ်။ နိုင်ငံတော်ရဲ့ ဦးဆောင်မှုနဲ့ တိုင်းရင်းသားပြည်သူများရဲ့ လုပ်ဆောင်အောင်မြင်မှုများဟာ ဂုဏ်ယူစရာကောင်းပါတယ်။ မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကထက် အဆပေါင်းများစွာ တိုးတက်နေပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။ ။ **(မြန်မာ့အလင်း)**

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ပြခန်း ပညာရေးဝန်ကြီးဌာနမှ ပြသထားသော ပြခန်းကိုတွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကြွေထည် ပစ္စည်းများ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ပြခန်း စက်မှု(၁) ဝန်ကြီးဌာနမှ ပြသထားသော ကြွေထည် အိမ်သုံးပစ္စည်းများကို တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ပြခန်းများတွင် ပြည်ထောင်စု တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုပြကွက်များကို တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းအနိုင်ရဗိုလ်စွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၉ရက် ညနေ ၃နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအသင်းက ဧရာဝတီတိုင်းအသင်းကို ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိပြီးဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကျင်းပရာ အကောင်းဆုံးဂိုးသမားဆုကို ကျော်ဇင်ထက် (ရန်ကုန်တိုင်း)၊ အကောင်းဆုံးနောက်တန်းဆုကို မင်းနန္ဒကျော်ထင် (ကရင်ပြည်နယ်)၊ အကောင်းဆုံးအလယ်တန်းဆုကို ခင်မောင်ဦး(ရန်ကုန်တိုင်း)၊ အကောင်းဆုံးရှေ့တန်းဆုကို သက်နိုင်ထွန်း (ရန်ကုန်တိုင်း)၊ အကောင်းဆုံးဘောလုံးသမားဆုကို ကျော်ဇင်ထက် (ရန်ကုန်တိုင်း)တို့ကရရှိကြသည်။ အသင်းလိုက်ဆုများ ချီးမြှင့်ရာတွင် ပထမဆုကို ရန်ကုန်တိုင်းအသင်း၊ ဒုတိယဆုကို ဧရာဝတီတိုင်းအသင်း၊ တတိယဆုကို မန္တလေးတိုင်းအသင်းနှင့် အသန့်ရှင်းဆုံးအသင်းဆုကို ဧရာဝတီတိုင်းအသင်းတို့က ရရှိကြသည်။ **(မြန်မာ့အလင်း)**

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး အစီအစဉ်အရ ပြည်ထောင်စုနေ့ အလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က လှိုင်သာယာမြို့နယ် အားကစားကွင်းရှိ ငွေဖလား၌စိုက်ထူပြီး အလေးပြုစဉ်။ (သတင်းစဉ်)

▼ (၅၇)နှစ်မြောက်မှ

အလံတော်သယ်ယူရေး အဖွဲ့များက အဆင့်ဆင့် လက်ဆင့်ကမ်း၍ လည်းကောင်း သယ်ဆောင်ကြပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုနေ့ အလံတော်ကို နံနက် ၈ နာရီ မိနစ် ၅၀ တွင် လှိုင်သာယာမြို့နယ် အားကစားကွင်းရှိ ငွေဖလား၌ စိုက်ထူ အလေးပြုကာ တစ်ညတာရပ်နားလိုက်သည်။

ရှေးဦးစွာ မှော်ဘီမြို့နယ်အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့ အလံတော်ကို တက်ရောက်လာကြသော ရန်ကုန်မြောက်ပိုင်းခရိုင်မှ ပြည်သူလူထုအင်အား ၁၀၀၀၀ ကျော်တို့က ဖူးကြီးတပ်နယ်မှဂုဏ်ပြုတပ်ခွဲနှင့်အတူ အလေးပြုကြရာ ဖူးကြီးတပ်နယ်ကိုယ်စားပြု စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

လွှဲပြောင်းပေးအပ်

ထို့နောက်နံနက် ၆ နာရီ မိနစ်၅၀ တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့အလံတော်ကို နုတ်ယူပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့်ရဲအရာရှိလေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ အားကစားကွင်းမုခ်ဦးသို့ သယ်ဆောင်ပြီးရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်ပြီး နံနက် ၆ နာရီ ၅၇ မိနစ်တွင် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အားကစားကွင်းမှ ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းသို့ ပြည်ထောင်စုလှေဖြင့် ရန်ကုန်–ပြည်လမ်းအတိုင်းထောက်ကြန့်လမ်းဆုံအထိလည်းကောင်း၊ ထိုမှတစ်ဆင့် အမှတ်(၁)လမ်းမကြီးအတိုင်း ခရေပင်လမ်းဆုံအထိ လည်းကောင်း၊ ထိုမှတစ်ဆင့် ခရေပင်လမ်းအတိုင်းတညင်းကုန်းအုတ်စက် လမ်းဆုံအထိ လည်းကောင်း၊ထိုမှတစ်ဆင့်အောက်မင်္ဂလာဒုံလမ်းမကြီးနှင့် ဘုရင့်နောင်လမ်းမကြီးအတိုင်း လှိုင်မြစ်လမ်းဆုံအထိလည်းကောင်း၊ ထိုမှတစ်ဆင့် လှိုင်မြစ်လမ်းအတိုင်း အောင်ဇေယျတံတားကြီးကို ကျော်ဖြတ်ပြီး ညောင်တုန်းလမ်းနှင့် တပင်ရွှေထီးလမ်းတို့အတိုင်း ရန်ကုန်–ပုသိမ်လမ်းမကြီးအနီးရှိ လှိုင်သာယာစက်မှုဇုန်၊ ကနောင်မင်းသားကြီးလမ်းပေါ်ရှိ ရန်ကုန်အနောက်ပိုင်းခရိုင်ကြိုဆိုရေးမုခ်ဦးအထိ လည်းကောင်း ဖြတ်သန်းသယ်ဆောင်ကြသည်။

ဂုဏ်ပြုကြိုဆို

ပြည်ထောင်စုနေ့ အလံတော် ဖြတ်သန်းသယ်ဆောင်ရာလမ်းတစ်လျှောက်တွင် မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ အပါအဝင် ထောင်ပေါင်း များစွာသော ပြည်သူများက နိုင်ငံတော်အလံများနှင့်ရောင်စုံအလံများ စိုက်ထူ၍ လည်းကောင်း၊ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အလံတော်အား လှိုက်လှဲစွာကြိုဆိုပါ၏ စာတန်းပါလမ်းဖြတ်ဆိုင်းဘုတ်များဖြင့် လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်အကများ၊ တိုင်းရင်းသား ရိုးရာအကများဖြင့်လည်းကောင်း သောင်းသောင်း ဖြဖြ လှိုက်လှဲစွာဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု လှိုင်သာယာမြို့ ကြိုဆိုရေးမုခ်ဦးသို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုနေ့အလံတော်ကို အလေးပြု၍ နုတ်ယူပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလျက် သယ်ဆောင်ကာ ကြိုဆိုရေးမုခ်ဦးထိပ်တွင် အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်း ပေးအပ်သည်။

ထိုအချိန်တွင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် လသာမြို့နယ်အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာ အဖွဲ့များနှင့် ပန်းဖွားအက အဖွဲ့များက ဘင်ခရာများ တီးမှုတ်၍လည်းကောင်း၊ ပန်းဖွားအကများဖြင့် လည်းကောင်း၊ စေတနာသမ္မာရဝတ်အသင်း စည်တော်အဖွဲ့က စည်တော်ရွမ်း၍ လည်းကောင်း ပြည်ထောင်စုနေ့ အလံတော်ကို ဂုဏ်ပြုကြိုဆိုကြသည်။

သောင်းသောင်းဖြဖြကြိုဆို

ထို့နောက် ပြည်ထောင်စုနေ့အလံတော်ကို ခရိုင် အထွေထွေအုပ်ချုပ်

ရေးမှူး ဦးစိုးမင်းထံမှ တစ်ဆင့် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ လှိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းခေါင်းဆောင်သောအလံတော်သယ်ယူရေးအဖွဲ့၊ ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းခေါင်းဆောင်သောအလံတော်သယ်ယူရေးအဖွဲ့၊ ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့နှင့် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိုးခေါင်းဆောင်သောအလံတော်သယ်ယူရေးအဖွဲ့တို့က ကနောင်မင်းသားကြီးလမ်း၊ မင်းကြီး မဟာမင်းခေါင်လမ်းနှင့်မြင်းဝန်ဦးအောင်သူလမ်းအတိုင်း အဆင့်ဆင့် လက်ဆင့်ကမ်း၍ လှိုင်သာယာမြို့နယ် အားကစားကွင်းသို့ သယ်ဆောင်ကြရာ လမ်းဘေးဝဲယာတစ်လျှောက် ပြည်သူများက ပြည်ထောင်စုနေ့အလံတော်ကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် လှိုင်သာယာမြို့နယ် အားကစားကွင်းအတွင်း သတ်မှတ်နေရာအရောက်တွင် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းစိုးက ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ ပြည်ထောင်စုနေ့ အလံတော်ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများခြံရံလိုက်ပါလျက် ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာပြီး နံနက် ၈ နာရီ မိနစ် ၅၀ တွင် လှိုင်သာယာမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ပြည်ထောင်စုနေ့အလံတော်ကို ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်မှ ရန်ကုန်အနောက်ပိုင်းခရိုင်ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းသို့ ပြည်ထောင်စုလှေဖြင့် အလံတော်ကို သယ်ဆောင်လာစဉ်။ (သတင်းစဉ်)

အလေးပြု

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်များနှင့် လှိုင်သာယာမြို့နယ်တို့မှ တက်ရောက်လာကြသော ပြည်သူလူထုအင်အား ၈၀၀၀ ကျော်တို့က ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့် အတူ ပြည်ထောင်စုနေ့ အလံတော်ကို အလေးပြုကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြု စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

လှိုင်သာယာမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ တစ်ညတာရပ်နားလျက်ရှိသော ပြည်ထောင်စုနေ့ အလံတော်ကို ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ မြို့နယ်များအလိုက် စနစ်တကျ လာရောက်အလေးပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူအားကစားကွင်းအတွင်း၌ ညပိုင်းတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ရုပ်ရှင်သတင်းကားများနှင့် မြန်မာ့ရုပ်ရှင်ဇာတ်လမ်းများ၊ မြဝတီအငြိမ့်နှင့် မြန်မာ့ရိုးရာဆိုင်းဝိုင်းတို့ဖြင့် ဖျော်ဖြေကြသည်။ ထို့အပြင် ပြည်ထောင်စုနေ့ ပြပွဲအဖြစ် ဝန်ကြီးဌာနအသီးသီးက အသိပညာပေးပြခန်းများ၊ အရောင်းဆိုင်ခန်းများ ဖွင့်လှစ် ပြသရောင်းချပေးလျက်ရှိရာ လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက် ရှိသည်။ **(သတင်းစဉ်)**

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈–၂–၂၀၀၄ မှ ၁၆–၂–၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

မြဝတီရုပ်မြင်သံကြား

၁၂–၂–၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ **(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အထိမ်းအမှတ်ဇာတ်လမ်း "ရင်နှစ်သည်းချာ"**
ဒါရိုက်တာ–မောင်နှင်းမိုး
သရုပ်ဆောင်–အကယ်ဒမီကျော်သူ အကယ်ဒမီ ခင်ဇာခြည်ကျော်၊ ရဝေအောင်၊ ချောချစ်

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၄း၃၅ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Scope and Method of Social Psychology
(ပထမနှစ်–စိတ်ပညာ)
၅း၃၅ ၁၀။ တိုင်းကျိုးပြည်ပြု တို့ရှေးရှု
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း–၁၅)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြု၊တည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်ပုနှင့်သောင်းချမ်"** (အပိုင်း–၂၉)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မကွေးတိုင်း ဆော၊ ထီးလင်းနှင့်ဂန့်ဂေါမြို့နယ်များသို့သွားရောက် နိုင်ငံတော်၏တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်မှုရှင်းလင်းပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဆောမြို့သို့ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၇ နာရီခွဲတွင် ဆောမြို့နယ် သံဃနာယက သိရိဥတ္တမရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒအား သွားရောက်ဖူးမြော်ကန်တော့ပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် နံနက် ၈ နာရီတွင် ဆောမြို့ရှိ ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ဆောမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကျေးလက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ နိုင်ငံဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်အောင်မြင်နေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်တို့နှင့်ပတ်သက်၍ ရှင်းလင်းမှာကြားသည်။ ဆက်လက်၍ ဝန်ကြီး၏ အလှူငွေပေးအပ်ပွဲကို ပြုလုပ်ရာ ဆောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေကျပ်နှစ်သိန်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ရသ၊ မဂ္ဂဇင်းစာစောင်များ၊ ကျေးရွာလူထုအတွက် အဝတ်အထည်နှင့် ဆပ်ပြာများကို ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက လက်ခံကြသည်။

တိုက်တွန်းမှာကြား

ထို့နောက် ဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ဆောမြို့နယ် ကံကြီးကျေးရွာရှိ ဆောမြို့နယ်လုံးဆိုင်ရာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများဖြင့် ဖူးမြော်ကန်တော့ကာ လူငယ်ဖွံ့ဖြိုးရေးကျောင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ငါးသောင်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ အဝတ်အထည်နှင့်ဆပ်ပြာများ၊ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ ထို့နောက် ဝန်ကြီးက ကျေးရွာပြည်သူအား နိုင်ငံတော်အစိုးရ၏ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် ဆောင်ရွက်ပေးမှုများကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကို တိုးချဲ့ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်ထု အထကရှိ မြတ်ရတနာခန်းမ၌ ကျောက်ထုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ ကျေးရွာစာသင်ကျောင်းအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာပြည်သူလူထုအတွက် အဝတ်အထည်နှင့် ဆပ်ပြာများကိုပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ ၂ နာရီခွဲတွင် လယ်ဆောကျေးရွာ၌ လည်းကောင်း၊ ညနေ ၄ နာရီတွင်ကြီးကျေးရွာနှင့်အောင်းကျေးရွာများ၌လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် သရခါကျေးရွာ၌လည်းကောင်း ပြည်သူလူထုနှင့်တွေ့ဆုံ၍ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်နေမှုများ၊ နိုင်ငံတော်အစိုးရက လက်ရှိဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ရေးတို့ကို ဆွေးနွေးမှာကြားပြီး ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်စာတမ်းများ၊ ကျေးရွာပြည်သူများအတွက်အဝတ်အထည်နှင့်ဆပ်ပြာများကိုပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ထီးလင်းမြို့တွင် ညအိပ်ရပ်နားကြသည်။

ထီးလင်းမြို့တွင် ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၇ နာရီတွင် ထီးလင်းမြို့ရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဧကမဟာကမ္မဋ္ဌာန မင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အာဒိစ္စအားဖူးမြော်ပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ပါဝင်ကူညီဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် နံနက် ၈ နာရီတွင် ထီးလင်း အထကရှိ အောင်သပြေခန်းမ၌ ထီးလင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ကျေးလက်ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်အောင်မြင်နေမှုများ၊ ဆောင်ရွက် အောင်မြင်မှုများသည် လွယ်လွယ်ရရှိခြင်းမဟုတ်ဘဲ တားဆီးပိတ်ဆို့မှု၊အကူအညီမပေးမှုများကြားက ခက်ခက်ခဲခဲ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ရပုံများ၊ ယခုအခါ ရခိုင်ကမ်းလွန်တွင် ဓာတ်ငွေ့သိုက်တူးဖော်ရရှိမှုများ၊ ပြည်သူများကလည်း ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ် အကောင်အထည်ဖော်ရာတွင် စည်းစည်းလုံးလုံးဖြင့် ပါဝင်ကူညီဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ထီးလင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်နှစ်သိန်း၊ မြို့နယ်နှင့်ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာတမ်းမျိုးစုံ၊ထီးလင်း အထကအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ အကြည်ဘန်းကျေးရွာ မီးဘေးဒုက္ခသည်များအတွက် အဝတ်အထည်မျိုးစုံနှင့် ကျန်းမာရေးဌာနအတွက် ဆပ်ပြာများကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဝန်ကြီးသည် ထီးလင်းမြို့မှ ဆက်လက်ထွက်ခွာလာရာ နံနက် ၉နာရီခွဲတွင် ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာသို့ရောက်ရှိ၍ ယောဒေသ တောင်သားလူမျိုးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ထန်းပင်ကုန်းကျေးရွာနှင့် ပုဏ္ဏားကျေးရွာတို့မှ ကျေးလက်ပြည်သူများအားတွေ့ဆုံဆွေးနွေးမှာကြားပြီး ထန်းပင်ကုန်းကျေးရွာကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူငွေကျပ်တစ်သိန်းနှင့် ကျေးရွာနှစ်ရွာအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ဆပ်ပြာနှင့်အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ထန်းပင်ကုန်းကျေးရွာအနီးရှိ မောချောင်းတွင် ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးသည်။ အဆိုပါကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်လုပ်ငန်းတွင် ရေတားဆည်တမံ အလျားပေ၂၀၀ကို သစ်လုံး၉၀၀ ကျော်ဖြင့်ပြုလုပ်ပြီး ၁၅ကီလို မီးအားရရှိမည့်တာဘိုင်စက်တပ်ဆင်မည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းတည့် ၁၂နာရီတွင် ထီးလင်းမြို့နယ် ဝက်သက်ကျေးရွာသို့ ရောက်ရှိရာ ယောဒေသ တောင်သားလူမျိုးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဝန်ကြီးသည် မူလတန်းလွန်ကျောင်း၌ ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံဆွေးနွေးပြီး စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ငွေကျပ်တစ်သိန်း၊ ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းမျိုးစုံနှင့် အဝတ်အထည်များ၊ ဆပ်ပြာများကို လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝက်သက်ကျေးရွာတွင် အောင်မြင်စွာ တည်ဆောက်ထားသော ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်နှင့် ရေအားဖြင့် ရေတင်စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို အသေးစိတ် ကြည့်ရှုလေ့လာပြီး ဝန်ကြီးကလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ထီးလင်းမြို့နယ် ဆေးမင်းတောကျေးရွာတွင် ကျေးရွာလူထုနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ရေးကိစ္စတို့ကို မှာကြားကာ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညနေပိုင်းတွင် ညောင်လယ်ကျေးရွာနှင့် လယ်မကျေးရွာများသို့ ရောက်ရှိ၍ ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံကာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုနှင့် ဒေသအတွင်း ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေး၊ အလယ်တန်းနှင့် အထက်တန်းပညာကို စဉ်ဆက်မပြတ် သင်ယူနိုင်အောင် ကြိုးစားဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ကျေးရွာစာသင်ကျောင်းအတွက် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာတမ်းများ၊ ကျေးရွာပြည်သူများအတွက် အဝတ်အထည်နှင့် ဆပ်ပြာများကို ပေးအပ်လှူဒါန်းသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဂန့်ဂေါခရိုင်အတွင်းရှိ ဆောမြို့နယ်၊ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်ရှည်သီးပင်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် လျှပ်စစ်စွမ်းအားတိုးချဲ့မြှင့်တင်ရေးအတွက် မြစ်ရေချောင်းရေရှိသော ဒေသများတွင် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးတိုက်တွန်းမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖေဖော်ဝါရီ ၇ ရက်က မကွေးတိုင်း ဆောမြို့တွင် ပြည်သူလူထုနှင့် တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖေဖော်ဝါရီ ၇ ရက်က မကွေးတိုင်း ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ မူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု စာစီစာကုံးပြိုင်ပွဲနှင့်စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ဆုချီးမြှင့်ပွဲနှင့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်(ရန်ကုန်)၏ စာပေအနုပညာနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာဦးအောင်မွန် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူ ဒုတိယနှစ်ကျောင်းသူ မမြတ်ပန်းပွင့်ကျော်၊ ဒုတိယဆုရရှိသူ ပထမနှစ်ကျောင်းသူ မစောစန္ဒာလင်း၊ တတိယဆုရရှိသူ ပထမနှစ်ကျောင်းသူ မစိုးချယ်ရီတို့အား ပါမောက္ခချုပ်က ဆုများချီးမြှင့်သည်။ ယင်းနောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် အမျိုးသားစာပေဆုရ စာရေးဆရာများဖြစ်ကြသော လယ်တွင်းသားစောချစ်၊ ချစ်နိုင်(စိတ်ပညာ)နှင့် မြင်းမူမောင်နိုင်မိုးတို့က စာပေရေးရာများကို ဟောပြောကြသည်။ **(က-ပ)**

ဆဲလ်ဗင်းဒေးနယူးဂျာနယ် အတွဲ(၂)၊ အမှတ် (၄၇) ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

နာဂလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းကို လေ့လာနိုင်မည့် နာဂ ယဉ်ကျေးမှုပြတိုက် ခန္တီးမြို့အနီးတွင် ဖွင့်လှစ်၊ မြန်မာ့သဘာဝဓာတ်ငွေ့ အိန္ဒိယက ဝယ်ကာ မြန်မာဘက်သို့ပြန်သွင်းမည်၊ ဂြိုဟ်တုပိုက်ဆံလိုင်းများကိုအခမဲ့ ကြည့်ရှုနိုင်သည့်သင်္ကေတသွင်းဖမ်းစက်များ ဈေးကွက်တွင် စတင်ရောက်ရှိ၊ ခေါင်မိုးပေါ် ကျောက်ခဲများကျသည့်ဖြစ်ရပ်ဆန်း ရွှေပြည်သာမြို့နယ်တွင်းဖြစ်ပေါ် အစရှိသည့် ပြည်တွင်းရေးရာ သတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။ **(ယာပုံ)**

ကြွက်ဦးရေကို လျှော့ချပေးမည့် ကြွက်သင်းဆေးလုံး ကြွက်များအကြိုက် တရုတ်ကတီထွင်၊ ပီရူးမယ်ကို ဂေဘွန်သမ္မတက သွေးဆောင်ရန်ကြံဟုဆို၊ ခေါင်းနှစ်လုံးပါ ဒိုမီနီကန်ကလေးခွဲစိတ်ကုသတော့မည်၊ အဆုတ်ရောဂါ ချိန်ကိုက်ဗုံးရှိနေ စသည့် နိုင်ငံတကာ မျက်မှောက်ရေးရာ သတင်းဆောင်းပါးများအပြင် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာကို e-Empire Media House ဖုန်း- ၇၀၃၈၀၃ က မြန်မာတစ်ပြည်လုံးဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

သမ္မတသက်န်းတိုက်ပိုင်ရှင် ဦးသန်းနိုင် အား ဝမ်းမြောက်ဂုဏ်ယူခြင်း

“သမ္မတနိဗ္ဗာန်ကုန်နှင့်သက်န်းတိုက်ပိုင်ရှင်” သီဟသုဓမ္မမဏိဇောတဓရ ဆရာဦးသန်းနိုင်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် သာသနာ့နုဂ္ဂဟဘွဲ့ပထမဆင့် **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

မန်နေဂျာ – ဒေါ်ခင်သန်းတင့်နှင့်ဝန်ထမ်းများ သမ္မတသက်န်းတိုက်ပင်ရင်း (၁)၊ မန်နေဂျာ – ဒေါ်စန်းစန်းဦးနှင့်ဝန်ထမ်းများ သမ္မတနိဗ္ဗာန်ကုန်နှင့်သက်န်းတိုက်ပင်ရင်း (၂)၊
မန်နေဂျာ – ဒေါ်သီသီဝင်းရှိန်နှင့်ဝန်ထမ်းများ သမ္မတသက်န်းတိုက်ပင်ရင်း (၃)၊ မန်နေဂျာ – ဦးစိုးအောင်နှင့်ဝန်ထမ်းများ သမ္မတမိသားစုဟိုတယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

တရားစခန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းရှိ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဂိုအင်ကာ၏ ဓမ္မဇောတိရိပ်သာတွင် ဖေဖော်ဝါရီ ၆ရက် မှ ၁၇ ရက်ထိ၊ဖေဖော်ဝါရီ ၂၀ ရက်မှမတ် ၂ ရက်ထိ၊ မတ်၁၂ရက်မှ ၂၃ ရက်ထိ လူကြီးများအတွက် ၁၀ ရက်တရားစခန်း၊ မတ် ၂၆ ရက်တွင် အသက် (၈)နှစ်မှ (၁၂)နှစ်ထိ ကလေးများအတွက်၊ မတ် ၂၇ ရက် ၂၉ ရက် နံနက်မှ ဧပြီ ၁ ရက်များတွင် အသက် (၁၃) နှစ်မှ (၁၆) နှစ်ထိ ကလေးများအတွက် အာနာပါနသင်တန်းကိုလည်းကောင်း၊ မန္တလေးမြို့ ဓမ္မပဏ္ဍာပရိပ်သာတွင် ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၂ ရက်ထိ၊ မတ် ၅ ရက်မှ၁၆ ရက်ထိ လူကြီးများအတွက် ၁၀ ရက်တရားစခန်း၊ ဓမ္မမဏ္ဍလရိပ်သာ (ရေတံခွန်တောင်)တွင် မတ် ၂၄ ရက်မှ ဧပြီ ၄ ရက်ထိ သံဃာတော်များအတွက် သီးသန့်၁၀ ရက်တရားပတ်ကိုလည်းကောင်း၊မိုးကုတ်မြို့ ဓမ္မမကုဋရိပ်သာတွင် ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၂ ရက်ထိ ၊ မတ် ၁၈ ရက်မှ၂၉ ရက်ထိ လူကြီးများအတွက် ၁၀ ရက်တရားစခန်းများ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ယောဂီဟောင်းများအတွက် လူကြီးတစ်ရက်နှင့် သုံးရက်တရားပတ်များ စုံစမ်းလိုပါက ဖုန်း – ၅၄၈၂၉၀၊ ၅၄၆၆၆၀ ဓမ္မဇောတိရိပ်သာ ရန်ကုန်မြို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

သာမဏေကျော် စာအောင်ဆုနှင်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၁၆)ကြိမ်မြောက် မင်္ဂလာဗျူဟာ သာမဏေကျော် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရား အရှေ့မုခ်အနီး အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်သည်။ ဘွဲ့ခံသာမဏေကျော် ၁၂ ပါးနှင့် ဒုတိယဆင့်၊ ပထမဆင့်အောင် သာမဏေ၊ သီလရှင် ၂၄၇ ပါးတို့အား အောင်လက်မှတ်နှင့် လှူဖွယ်များ ကပ်လှူကြမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

* တပ်မတော်နှင့်ပြည်သူ ကြည်ဖြူလက်တွဲချီတက်လျက် နိုင်ငံတော် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို ဖော်ညွှန်းထားသည့် စာအုပ်ဖြစ်ပါသည်-
* တပ်မတော်သည် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ချီတက်ထမ်းဆောင်ရင်း တစ်ဖက်ကလည်း ဒို့တာဝန်အရေးသုံးပါးကို စွမ်းစွမ်းတမံဆောင်ရွက်နေသည်များကို ဖော်ညွှန်းပြဆိုထားသည့် စာအုပ်ဖြစ်ပါသည်-
* ထာဝရမှတ်တမ်းမှတ်ရာ သိမ်းဆည်းထားရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ အောင်ပွဲများကို (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုထုတ်ဝေလိုက်သည့်-

တက္ကသိုလ်တင်စ၏ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အောင်ပွဲများ

ဖြန့်ချိလိုက်ပါပြီ

ရောင်းဈေး ကျပ် ၈၀၀

-သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

☎ - ၂၉၄၃၀၆

အပြည်ပြည်ဆိုင်ရာထိပ်တန်းဂေါက်သီးရိုက်အားကစားသမားများ တွေ့ဆုံရှင်းလင်း

MYANMAR OPEN

ရန်ကုန် ဖေဖော်ဝါရီ ၁၁

MPGA နှင့် Asian Tour တို့ ပူးပေါင်း၍ Rothmans of Pall Mall Myanmar Pte., Ltd. ကအဓိကပံ့ပိုးသည့် ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုင်ငံတကာပြိုင်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ ဒညင်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက် အားကစားသမားများအနက် Asian PGA ထိပ်တန်း ဂေါက်သီးရိုက်အားကစားသမားများဖြစ်ကြသည့် Lin Keng Chi (တရုတ်–ထိုင်ပေ)၊ Thong Chai Jai Dee (ထိုင်း)၊ ကြည်လှဟန် (မြန်မာ)၊ Rick Gibson (ကနေဒါ)နှင့် ဇော်မိုး (မြန်မာ) တို့နှင့် တွေ့ဆုံရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဂေါက်ကလပ် (Media Centre)၌ ကျင်းပရာ Mr. David Parkin (Chief Operating Officer of the Asian Tour)၊ Mr. Wanchai Meechai (Tournament Director of the Asian Tour)၊ MPGAအထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဝင်သတင်းထောက်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Mr. Dand Parkin Chief Operating Officer of the Asian Tour) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ Lin Keng Chi (တရုတ်–ထိုင်ပေ)၊ မြန်မာနိုင်ငံမှ ကြည်လှဟန်၊ ဇော်မိုး၊ Rick Gibson (ကနေဒါ)နှင့် Thong Chai Jaidee (ထိုင်း)တို့၏ အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲများ၏ ပြိုင်ပွဲ အတွေ့အကြုံများနှင့် Myanmar Open 2004 ဂေါက်သီးရိုက် ပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင်ကြိုတင်ပြင်ဆင်လေ့ကျင့်ထားမှုများနှင့် ထင်မြင်ယူဆချက်များကို အလှည့်ကျရှင်းလင်းတင်ပြကြသည်။

ယင်းနောက်တွေ့ဆုံရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများ၏ သိလိုသော မေးမြန်းချက်များကို အပြည်ပြည်ဆိုင်ရာ ထိပ်တန်းဂေါက်သီးရိုက်အားကစားသမားများနှင့် MPGA အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်တို့က ပြန်လည်ဖြေကြားသွားသည်။

ဆုများချီးမြှင့်

ထို့နောက် စာနယ်ဇင်းသမားများ ပါဝင်သော MINI-Putting ပြိုင်ပွဲကျင်းပပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

Myanmar Open 2004 ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် (Organized by Han Event Managementနှင့် Octagon)တို့က ပူးပေါင်းတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် အပြည်ပြည်ဆိုင်ရာ ထိပ်တန်းဂေါက်သီးရိုက် အားကစားသမားများ တွေ့ဆုံရှင်းလင်းပွဲကျင်းပစဉ်။ **(ဂေါက်သီးရိုက်အဖွဲ့ချုပ်)**

ကြက်ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ကြက်ခြေနီအသင်းဝင်၊ တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကြက်ခြေနီအသင်း အမှုဆောင် ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ဗဟိုဦးစီးမှူးချုပ် ဦးအောင်သန်းသည် ရခိုင်ပြည်နယ် (မြောက်ပိုင်း) ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်များသို့ ဖေဖော်ဝါရီ၃ရက်မှ ၆ရက်အထိ သွားရောက်ပြီး မြို့နယ်ကြက်ခြေနီအသင်း အမှုဆောင်များ၊ မြို့နယ်ကြက်ခြေနီအသင်း သူနာပြုတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရာသက်ပန်အသင်းဝင်များ တိုးချဲ့စည်းရုံးရေး၊ အသင်းရန်ပုံငွေရရှိရေး၊ လူငယ်လေ့ကျင့်ရေး သင်တန်းများဖွင့်လှစ်ရေး၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ သိပ်သည်းကျစ်လျစ်စွာ ဖွဲ့စည်းရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် တပ်ဖွဲ့ဝင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေဟောပြောပွဲကျင်းပ

အသုတ် ဖေဖော်ဝါရီ ၂

ရေကြည်မြို့နယ် အသုတ်မြို့ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၇ရက်က အသုတ်မြို့မီးသတ်ခန်းမတွင် ကျင်းပရာ ဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီကိုယ်စား ဦးကျော်လှိုင် (ကျော်လှိုင်–အသုတ်) က နှုတ်ခွန်းဆက်စကားပြောကြားပြီး စာရေးဆရာ နီကိုရဲ၊ စာရေးဆရာကျော်ဝင်း၊ စာရေးဆရာ အော်ပီကျယ်တို့က စာပေရေးရာများကို ဟောပြောကြကြောင်းသိရသည်။ **(ဝ၆၈)**

မကွေးမြို့နယ် သပွတ်ပင်–ပုထိုးကျေးရွာ မြေသားလမ်းသစ်ဖွင့်လှစ်

မကွေး ဖေဖော်ဝါရီ ၈

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် သပွတ်ပင်–ပုထိုးကျေးရွာမြေသားလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက်နံနက်က ကျင်းပရာ မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဌေး၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(ဝဲပုံ)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်မြို့ပြလမ်း ခြောက်လမ်းဆောင်ရွက်ရန် လျာထားသည့်အနက် ယခုဖွင့်လှစ်ခဲ့သည့် ကျေးလက်လမ်းအပါအဝင်၊ ကျေးလက်မြို့ပြလမ်းငါးလမ်း ကျောက်ချောလမ်း အရှည် ၂၅၅၅ ပေနှင့် မြေသားလမ်းအရှည် ၂၃၇၄၀ ပေကို ငွေကျပ် ၁၄၉၉၂၃၇၀ အကုန်အကျခံ ဆောင်ရွက်ပြီး ကျန်ရှိကျေးလက်လမ်းတစ်လမ်းပြီးစီးရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ခနောင်ဖြူမြို့နယ်၌ အကြိုအခြေခံမီးသတ်သင်တန်းဆင်း

ခနောင်ဖြူ ဖေဖော်ဝါရီ ၂

ခနောင်ဖြူမြို့နယ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် ၁/၂၀၀၄ ဆင်းပွဲကို ဇန်နဝါရီ ၁၇ရက်က အဆိုပါရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်မန်နေဂျာ ဦးခင်မောင်ရီက မီးသတ်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းကြည်က သင်တန်းအောင်မြင်စွာပြီးစီး၍ ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းပေးအပ်ပြီး **(အပေါ်ပုံ)** သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။**(ဝ၈၅)**

ရေးမြို့နယ် ဗိုလ်ချုပ်လမ်းနှင့် တနင်္သာရီလမ်းဆုံတွင် သာယာလှပရေးအတွက် ပလက်ဖောင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းတို့အား အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် ဝန်ထမ်းများက ဆောင်ရွက်ထားကြစဉ်။ (၁၆၈)

အင်္ဂပူမြို့နယ် အားကစားပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

အင်္ဂပူ ဖေဖော်ဝါရီ ၂

အင်္ဂပူမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မဲဇလီကုန်းစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးကျင်းပသော အားကစားလှုပ်ရှားမှုအဖြစ် အိုးရွက်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ လွန်ဆွဲပွဲနှင့် ပြေးပွဲပြိုင်ပွဲများကို ဇန်နဝါရီ ၁၀ရက်က မဲဇလီကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင်ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ အင်္ဂပူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်မေဝင်းနှင့်အသင်းအမှုဆောင်များ မဲဇလီကုန်းစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယက ဒေါ်မြင့်မြင့်ရီ၊ အသင်းဥက္ကဋ္ဌဒေါ်သန်းရှင်နှင့် အသင်းအမှုဆောင်များက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရသူများကို ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(၁၃၁)**

အမြို့ မြို့ အနယ်နယ် သတင်းများ

ဖေဖော်ဝါရီ ၁ ရက်က ထားဝယ်ခရိုင် ရေဖြူမြို့နယ် ညင်းထွေးကျေးရွာ၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဇော်ဦးက ကျေးရွာဥက္ကဋ္ဌ ဦးစိုးသိန်းအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ် လဝက)

အောင်ပွဲရ သံဖြူဇရပ် အထက (၁) ဘောလုံးအသင်းအား ဆုချီးမြှင့်

သံဖြူဇရပ် ဖေဖော်ဝါရီ ၃

မွန်ပြည်နယ် အခြေခံပညာဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သည့် မွန်ပြည်နယ် (၁၀)မြို့နယ် အထက်တန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဗိုင်းဆုရရှိသည့် သံဖြူဇရပ်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးအသင်းအား မြို့မိမြို့ဖများနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။ **(ယာအောက်ပုံ)** အဆိုပါ ဂုဏ်ပြုပွဲနှင့် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ရက်က သံဖြူဇရပ်မြို့အထက(၁) ပညာဗိမာန်ခန်းမ တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမြသောင်းက အမှာစကားပြောကြားပြီး အုပ်ချုပ်သူ ဦးမောင်ပုနှင့် နည်းပြဆရာ ဦးမြင့်ဦးတို့က တံခွန်စိုက်ဗိုင်းဆုကို ကျောင်းဆရာကြီး ဦးခင်မောင်ဦးထံ လွှဲပြောင်းပေးအပ်ပြီး တံခွန်စိုက်ဗိုင်းဆုရ အားကစားသမားများအား ဂုဏ်ပြုဆုများနှင့် ထောက်ပံ့ကြေးများ ပေးအပ်ကြောင်း သိရသည်။

(က–ပ)

ကျောင်းသားစုံညီပွဲတော်ကျင်းပ

အင်းတော် ဖေဖော်ဝါရီ ၂

အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း မိဘဆရာ၊ ကျောင်းသားစုံညီပွဲတော်ကို ဇန်နဝါရီ ၈ရက်က အခြေခံပညာအထက်တန်းကျောင်းရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်အေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းတို့က အမှာစကားပြောကြားကြပြီး ၂၀၀၃ ခုနှစ် ပညာသင်နှစ်တွင် ထူးချွန်ထက်မြက်သည့် ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ **(၁၃၃)**

မူဆယ်မြို့နယ် နွေစပါး စံပြစိုက်ကွင်းများ ပျိုးကြဲပွဲတော်နှင့် မြေဩဇာကျွေးပွဲကျင်းပ

မူဆယ် ဖေဖော်ဝါရီ ၂

မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာအုပ်စု ဖိုင်ကျောင်းကျေးရွာတွင် နွေစပါးစံပြ ဧက၅၀ပျိုးကြဲပွဲတော်နှင့် ပျိုးခင်းမြေဩဇာကျွေး ပွဲတော်ကို ဇန်နဝါရီ ၅ ရက်က အဆိုပါ စံပြစိုက်ကွင်းများတွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်အောင်လွင်၊ မူဆယ်မြို့နယ်အတွင်း နွေစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးပြီးစီးမှုများကို ရှင်းလင်းပြောကြားပြီး မြန်မာ့စိုက်ပျိုးရေး မန်နေဂျာ ဦးခင်မောင်သန်းက ဆယ်လန့်ဇုန်အတွင်း ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးမှုကို ရှင်းလင်းပြောကြားကြသည်။

ပါဝင်အားပေး

ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် တောင်သူများက ဧက ၅၀အတွင်း ပျိုးကြဲခြင်းနှင့် မြေဩဇာကျွေးပွဲတော်တွင် ပါဝင်အားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ ၂၅ရက်က မင်းပြားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဘုန်းမောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့က ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ခြိတ်တောင်–ဆင်ကြီးပြင်ကျေးလက်လမ်းပေါ်ရှိ သစ်သားတံတားတည်ဆောက်မှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က–ပ)

ကိုယ့်အားကိုယ်ကိုး ကတ္တရာရေပိတ်လွှာလောင်း

ဗန်းမော် ဖေဖော်ဝါရီ ၂

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်သူနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁ရက်က မင်းလက်ဝဲသုန္ဒ ကိုယ့်အားကိုယ်ကိုး ကတ္တရာရေပိတ်လွှာလောင်းခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

(၅၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်နိုင်ရန် နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၄ ခုနှစ် (၅၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် "ဖွံ့ဖြိုးသာယာပြည်မြန်မာ"နှင့် "ယဉ်ကျေးမှုအမွေစောင့်ထိန်းလေ"ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀လက်မ× ၁၂ လက်မ နှင့် အထက်အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူ ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ၊ ဆုမရသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်းပိုမို ရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂိုတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ Data နှင့် ဓာတ်ပုံအကြောင်းအရာ Caption ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်း မရှိကြောင်း၊ ပြည်တွင်း/ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်း မရှိကြောင်းဝန်ခံဖော်ပြချက်ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန်မလိုကြောင်း ကြေညာထားပါသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၄ ခုနှစ်၊ မတ်၂၇ ရက်တွင် ကျင်းပမည့် (၅၉) နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိ သူများကို သက်ဆိုင်ရာတိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော (၅၉) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး၊ (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊၂၂/၂၄ ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နွေရာသီ ဓမ္မာစရိယနှင့်အဘိဓမ္မာ ရှေ့သွားသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်အတွင်း၌ တတိယအကြိမ်မြောက် နွေရာသီ ဓမ္မာစရိယနှင့်အဘိဓမ္မာရှေ့သွား ဆရာဖြစ်သင်တန်းကြီးကို ဖေဖော်ဝါရီ၂၂ရက်မှစ၍ ဇွန်၁၂ ရက်အထိရက်ပေါင်း ၅၀ တိုင်တိုင် ဖွင့်လှစ်ပို့ချသင်ကြားမည်ဖြစ်သည်။ တက်ရောက် သင်ကြားလိုသော သင်တန်းသား သံဃာတော်များအနေဖြင့် ကိုယ်တိုင် သော်လည်းကောင်း၊ ဖုန်း-၀၁-၅၃၆၉၇၈ သို့သော်လည်းကောင်း စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမွေထိန်းမင်းကြီး (အငြိမ်းစား ဗဟိုတရားရုံး) ဦးစိုးလှိုင် B.A.B.L, B.J.S, DMA ကွယ်လွန်သည့် ၁၀ နှစ်ပြည့်နေ့ကို ရည်စူး၍ ဒေါ်ကြည်ကြည်လှိုင်နှင့် သားသမီး မြေးများ ဆရာစံလမ်းမကြီး ဗဟန်းမြို့နယ် ရန်ကုန်မြို့မှ ဓီဝိတဒါန သံဃာ့ဆေးရုံကြီးရှိ ဂိလာနသံဃာတော်၊ သီလရှင်များ အတွက်ထာဝရ ဆွမ်းပဒေသာပင် ကျပ်တစ်သိန်းစိုက်ထူ လှူဒါန်းစဉ်။ (က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဗိုလ်မှူးကြီးဇန်ကူး(အငြိမ်းစား)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်ချုပ်စောဖြူ(အငြိမ်းစား)၊ ဗိုလ်မှူးကြီး သိန်းငွေ(အငြိမ်းစား)၊ ဗိုလ်မှူးကြီး သိန်းအောင်(အငြိမ်းစား)တို့နှင့်အတူ ဖေဖော်ဝါရီ ၅ ရက်တွင် တပ်မတော် ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ဂေါက်သီးရိုက်ကစားကြရာ Wilson Staff No.4 ဘောလုံးကို Wood No.7 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ ကိုက်အကွာအဝေးတွင်ရှိသော အမှတ်(၁၇) ကျင်းသို့တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုထားသော သားနေဆန်း၏ ကာတွန်းမျက်နှာဖုံးနှင့် ကာတွန်းမြင့်သိန်း၏ ကာတွန်းဓာတ်လမ်းအပါအဝင် ဆရာသာဂဒိုး မောင်နေမျိုး၊ စွာကျယ်၊ မြေဇာ၊ ချစ်ကိုကိုယု၊ ဖိုးဉာဏ်၊ စိန်ကတုံး၊ သုဝဏ္ဏကျော်စိန်၊ ပေရယ်၊ ကာတွန်းမြင့်စိုးလေး၊ သုတေသီဆရာငြိမ်း၊ တေးသံရှင်ကြည်အောင်၊ ကျော်ဖြိုးလွင်၊ တနိုင်ခ၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကိုအောင်ငွေသိန်းတို့၏ဟာသ၊ ရသအတွေးအရေး၊ ရုပ်ရှင်၊ ဓာတ်သဘင်တို့ဖြင့် ဟာသဂျာနယ် အတွဲ(၂) အမှတ်(၂၈)ကို ဝါမိုးအောင်စာပေ အမှတ်၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(ဝဲပုံ) (က-ပ)**

ဖေဖော်ဝါရီလထုတ် တေဇရုပ်စုံ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလထုတ် တေဇရုပ်စုံကို မြဝတီ စာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါ ရုပ်စုံတွင် ပန်းချီဦးဘကြည်၊ ကာတွန်းမြေဇာ၊ အောင်မင်းမင်း၊ မောင်တင်ယု၊ ကြယ်ကြယ်၊ ဆွေချစ်၊ အောင်ကျော်၊ ဖိုးဇော် (လှိုင်သာယာ)၊ လွမ်းမောင်(သုဝဏ္ဏ)တို့၏ လက်ရာများအပြင် မန်းတင့်မော်၊ ဇာနည်၊ မြတ်လွမ်းနောင်(ပုတီးကုန်း)တို့၏ကဗျာများ၊ တေဇတို့ကမ္ဘာ၊ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးအတွေး ကလေးအရေးကဗျာကဏ္ဍ၊ ဆေးရောင်လှလှ ခြယ်ကြရအောင်၊ ပုံပြင်ဝတ္ထုစသည့် ကဏ္ဍစုံလင်စွာဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ဂရင်းရွိုင်ရယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

GOLF TOURNAMENT
GRAND ROYAL
SPECIAL RESERVE

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများနှင့် ကလပ်အသင်းများ ဂေါက်သီးရိုက်အားကစားအဆင့်အတန်းမြင့်မားစေရန်ရည်ရွယ်ချက်ဖြင့် International Beverages Trading Co.,Ltd.ကကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဂရင်းရွိုင်ရယ်စပယ်ရှယ်ရီဆော့မ် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Tournament) ထားဝယ်ပွဲစဉ်၏ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁ရက် ညနေ၆နာရီခွဲ၌ ထားဝယ်ဂေါက်ကွင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် I.B.T.C ကုမ္ပဏီမှ Quality Control Director ဦးတင့်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပထမဆုရရှိသွားသော ဦးစိုးသိန်း(ထားဝယ်)အား ဆုတံဆိပ်နှင့် ဆမ်ဆောင်း၂၁လက်မ တီဗွီကိုလည်းကောင်း၊ ဒုတိယဆုရရှိသော တပ်ကြပ်ကြီးမောင်မြ(မြိတ်)အား ဆုတံဆိပ်နှင့် ဆမ်ဆောင်းဒီဗွီဒီစက်ကိုလည်းကောင်း၊ တတိယဆုရရှိသော ဦးကျော်စွာ(ထားဝယ်)အား ဆုတံဆိပ်နှင့် ဆမ်ဆောင်း ဗွီစီဒီစက်ကိုလည်းကောင်းပေးအပ်ချီးမြှင့်သည်။

ထို့နောက် အနီးဆုံးရိုက်ချက်ဆုရရှိသော ဦးလှဋ္ဌေး(ထားဝယ်)၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ဦးဝင်းမောင်(မြိတ်)၊ Most Per ဆုရရှိသော ဦးသူရိန်သန်းဆွေ(ရေဖြူ)၊ Most Birdies ဆုရရှိသော တပ်ကြပ်ကြီးမောင်မြ(မြိတ်)တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆော့မ် ဂေါက်သီးရိုက်ပြိုင်ပွဲ ထားဝယ်ပွဲစဉ်တွင် ပြိုင်ပွဲဝင် ၆၆ဦးဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုပေါင်း၁၇ဆုချီးမြှင့်ခဲ့သည်။

ထားဝယ် ပွဲစဉ်သည် Grand Royal Special Reserve Golf Tournament (2003-2004) ၏နောက်ဆုံးပွဲစဉ်ဖြစ် ကြောင်းသိရသည်။ (က-ပ)

မက်သဒစ်အင်္ဂလိပ်ဟိုက်စကူး (M.E.H.F)ဒဂုံ(၁) ၁၉၅၄-၁၉၇၈ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ကန်တော့ လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

e- Education Learning Centre
သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်
မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၁၆-၂-၂၀၀၄ (တနင်္လာနေ့)

- ❑ အင်္ဂလိပ်ဘာသာဟောပြောမှု
  - – တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ
  - အင်္ဂလိပ်ဘာသာဟောပြောမှု
  - – တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ

၁၇-၂-၂၀၀၄ (အင်္ဂါနေ့)

- ❑ သင်္ချာဘာသာဟောပြောမှု
  - – တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ
- ❑ သင်္ချာဘာသာဟောပြောမှု
  - တက္ကသိုလ်ဝင်တန်း ကျောင်းသူ ကျောင်းသားများ

၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ သင်္ချာဘာသာဟောပြောမှု
  - – တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ
- ❑ ဓာတုဗေဒဘာသာဟောပြောမှု
  - – တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ

၁၉-၂-၂၀၀၄ (ကြာသပတေးနေ့)

- ❑ ဓာတုဗေဒဘာသာဟောပြောမှု
  - – တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ
- ❑ ဓာတုဗေဒဘာသာဟောပြောမှု
  - – တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ

၂၀-၂-၂၀၀၄ (သောကြာနေ့)

- ❑ ဇီဝဗေဒဘာသာဟောပြောမှု
  - – တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ
- ❑ ဇီဝဗေဒဘာသာဟောပြောမှု
  - – တက္ကသိုလ်ဝင်တန်း ကျောင်းသူကျောင်းသားများ

၂၁-၂-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသူကျောင်းသားများအတွက် သင်ခန်းစာများ။

၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့)

အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ။

မျက်နှာဖုံး အပ်ပေပါဖြင့်

ထွက်ပြီ

ရောင်းဈေး ၂၀ိ/-ကျပ်

☞ နောက်ဆုံးဖြစ်ပျက်ခဲ့သော ကမ္ဘာ့ရေးရာသတင်းများ၊ ပြည်ပဘောလုံးပွဲ၊ ပြည်တွင်း အားကစားပွဲများ။

☞ ဖတ်စရာမှတ်စရာများ စုံလင်စွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

ဆက်သွယ်နိုင်ပါသည် (ကိုယ်စားလှယ်ယူလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ)
မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်။
ဖုန်း-၅၄၄၃၁၃ ၊ ၅၄၄၃၁၇ ၊ (သတင်းစာကိုယ်စားလှယ်များထံတွင် မှာယူပါက အိမ်တိုင်ရာရောက် ပို့ပေးပါသည်။)

အမည်ပြောင်း

ဦးစည်သူ-ဒေါ်မြမြတ်သူတို့၏ သား ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး ကျောင်း တတိယတန်း(D)မှ မောင်ဖြိုးစည်အား **မောင်စည်လင်းမောင်** နှင့် ပထမတန်း(A)မှ မောင်ကောင်းစည်လင်းအား **မောင်ကောင်းစည်သူ** ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဦးတင်ရွှေ၏သား မြစ်ကြီးနားမြို့ အထက(၃) တတိယတန်း (A) မှ မောင်ရာဇာဖြိုးအောင်အား မောင်ရဲရင့်ရွှေဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲရင့်ရွှေ။

အမည်ပြောင်း

ဦးဝင်းနိုင်၏သမီး မြစ်ကြီးနားမြို့ အထက(၁) ဒုတိယတန်း (B) မှ မဆုလဲ့ဟန်အား မဆုရတနာဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မဆုရတနာဖြိုး။

Myanmar Travel Information 2004

1 million copies
e-books
+
10000 copies
booklets
+
5000 copies
CD-ROMs
+
1 huge
web site
with 500,000 visitors per year

ထုတ်လုပ်မည်

ဤအစီအစဉ်တွင် ပူးပေါင်းပါဝင်လိုပါက ဆက်သွယ်ပါရန်

ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမြင့်တင်ရေးအတွက် ဖော်ပြပါ စီဒီရွမ်၊ စာအုပ်၊ အီလက်ထရောနစ်စာအုပ်နှင့်ဝက်ဘ်ဆိုက်တို့ကို တပြိုင်တည်းထုတ်ဝေပြီး၊ နိုင်ငံတကာရှိအအောင်မြင်ဆုံး ခရီးသွား လုပ်ငန်းကြီးများ၊ နိုင်ငံတကာရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အသင်း အဖွဲ့များ၊ ကုန်သည်ကြီးများ၏ အသင်းရုံးများ၊ မြန်မာပြည်သို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များ၊ ကမ္ဘာအနှံ့ရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၊ ITB Berlin ခရီးသွားလုပ်ငန်းပြပွဲအပြင် အင်တာနက်မှ မြန်မာပြည် အကြောင်း စိတ်ဝင်တစား မေးမြန်း လာသူများထံသို့ ကျယ်ပြန့်စွာ အခမဲ့ ဖြန့်ဝေသွားမည် ဖြစ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ...

MINISTRY OF HOTELS & TOURISM
Directorate of Hotels & Tourism

ASEAN
Asia's Perfect 10 Paradise

ထုတ်ဝေရေးတာဝန်ခံ
Myanmars.NET
3R1, MICT Park, Universities Hlaing Campus,11052 Yangon.
Email: sales@myanmars.net
internet: www.myanmars.net

☎ Tel: 652250, 548441, 09-8023216

Invitation to Sealed Tender
Myanma Pharmaceutical Industries

1. Sealed Tenders are invited by Myanma Pharmaceutical Industries, Ministry of Industry (1) For Pharmaceutical Raw Materials for Myanma Pharmaceutical Factory.

Tender No.	Description	Closing Date/Time
602(T)Mphi/MPF/ 2003-2004	Pharmaceutical Raw Materials (14)Items	23.2.2004 16:30 Hrs.

2. Tender Documents are avaliable at the office of managing director, 192, Kabaaye Pagoda Road,Yangon,during office hours.
3. Myanma Pharmaceutical Industries reserves the right to reject any or all tenders without furnishing reasons.

Managing Director
Myanma Pharmaceutical Industries.

ပုဂံ-ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

နှစ်ပတ်လည်အစည်းအဝေး/သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို (၁၅-၂-၂၀၀၄)၊ တနင်္ဂနွေ(၁၂း၀၀)နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်၊ အာဇာနည်လမ်းရှိ ဟိုတယ်နှင့် ခရီး (ယခင် စား/ဖျော်)မွှောရုံ၌ ကျင်းပမည်ဖြစ်ပါ၍ မြို့နယ်သူ/နယ်သားအားလုံး ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

(၂၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးရွှေမောင် (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ငြိမ်း)နှင့် ချစ်မေမေ ဒေါ်မြင့်ရီ (Htet Jewellary)တို့၏ ၁၂-၂-၂၀၀၄ ရက်တွင် ကျရောက်သော (၂၇)နှစ်ပြည့် မင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီး – အေးအေးသိမ့် B.Sc (Hons;)Chem; M.Sc (Engineering Chem:) Year (I) Dip In Gem Identification (Y.U)

ချစ်သားကြီး – ကြည်လင်းထက် B.A (English) (A.Ok Gems & Jewellary)

ချစ်သားငယ် – စည်သူထက် (1st Year, Mechatronic Engineering) Neeanng Polytechanic, Singapore)

Career Opportunity
(For Local Service only)
Urgently Requirement

Our Company is now urgently looking for the qualified employee in the trading fields.

(1) Project Development Department

(i) Asst: Manager over 30 yrs	B.E (Mech;)	Male	(1) Post
(ii) Executive over 25 yrs	B.E/ GTI/ AGTI (Mech;)	Male	(1) Post
(iii) Executive over 25 yrs	Any Graduate	Male	(1) Post

(2) Marketing Department

(i) Asst: Manager	B.E (Mech;)	Male	(1) Post
(ii) Sales Engineer	B.E / GTI (Mech;)	Male/ Female	(1) Post
(iii) Sales Engineer	B.E / GTI (EP)	Male	(1) Post
(iv) Computer	Any Graduate	Female	(1) Post

(3) Procurement

(i) Asst: Manager	MBA / DMA	Male / Female	(3) Posts
(ii) Executive	B.E / GTI (Mehc;) / AGTI	Male / Female	(1) Post
(iii) Executive	B.E / GTI (EP) / AGTI	Male / Female	(1) Post
(iv) Executive	Any Graduate	Male / Emale	(1) Post

(4) Admin Department

(i) Asst: Manager	Any Graduate	Male	(1) Post

All positions require a good command of both spoken & written English and Computer literate as compulsory.

For (1-I) At least 2 Yrs experience in Marketing for Earth Moving Equipments.

To be attached with C.V details of experienc, qualifications, age, contact telephone number with recent photograph, labour registration card and recommendation of good characters & free from criminal record by 23 February 2004 lastest attention to "**Manager, Admin Department, 22 (A), Kaba Aye Pagoda Road, Bahan Township, Yangon.**"

Please contact the following Telephone Number within 26 February to 27 February 2004 for personal interview. Ph No. 542711, 543443, 541533 Ext: (0, 34)

ကျေးဇူးဆပ်ပါမည် မော်တော်ယာဉ်အမှတ် ၅က/၉၀၄၅ ၏ ကားစာရွက်စာတမ်း ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ အမှတ် (၂၆၃) အနော်ရထာလမ်းနှင့်(၈)လမ်းထိပ်၊(၃)ရပ်ကွက်လမ်းမတော်။ **ဖုန်း-၂၂၂၀၂၀**

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
မန္တလေးတိုင်းတရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၂၂၂(အမ်)

သမဝါယမဘဏ်လီမိတက် **နှင့်** ၁။ ဦးသိန်းထွန်း
၂။ ဒေါ်သီတာအေး

တရားနိုင် **တရားရှုံး**

၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၂၅၀တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၄ ခုနှစ် မတ်လ ၁၆ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၅ ခုနှစ် တပေါင်းလဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ကံဦးရပ်ကွက်၊ ကွင်းအမှတ် ၁၆၅၁၊ သပြေလှကွင်းရှိ ၀ ဒသမ ၂၂ ဧကကျယ်၊ မြေကွက်အမှတ် ၇/၁ နှင့် ယင်းမြေကွက်ပေါ် ဆောက်လုပ်ထားသော ပျဉ်းမနားမြို့ အောင်မင်္ဂလာရပ်ကွက်၊ တောင်ညိုလမ်းရှိ အဆောက်အအုံအမှတ် ၃၃၆။

(ကြမ်းခင်းဈေး ကျပ်သိန်း ၂၀)

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိက လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်
တွဲဖက်တိုင်းတရားသူကြီး(၆)

အမည်ပြောင်း

(ဦးခင်မောင်ရင်)၏သားသမီးများ ဖြစ်ကြသော မောင်သက်မျိုးမောင် ၁၂/ဒဂန(နိုင်) ၀၂၇၉၇၈အား မောင်သက်ဇော်ထက်ဟုလည်းကောင်း၊ မဇင်သူခင် ၁၂/ဒဂန(နိုင်)၀၂၇၉၇၉ အား မဇင်နှင်းလှိုင်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်သက်ဇော်ထက်၊ မဇင်နှင်းလှိုင်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ထ/၆၈၅၇ လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်) သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ (မော်လမြိုင်)

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်တို့၏သမီး မသန်းသန်းဦး ၁၂/အစန (နိုင်) ၁၄၉၂၆၀သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးကျော်သန်း ၁၂/အစန (နိုင်)၁၄၄၁၉၇
ဒေါ်အမာကြည် ၁၂/အစန (နိုင်)၁၁၇၈၉၄

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရွှေညောင်မြို့၊ စိတ္တသုခရပ်၊ ရပ်စောက်လမ်း၊ အမှတ် ၅၂ နေ ဦးဘသန်း-ဒေါ်တင်လှတို့၏သား မောင်ဇော်ဇော်လတ် TGI-၀၅၃၁၉၇ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ပြုမူပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စ တာဝန်မယူပါ။

ဦးဘသန်း-ဒေါ်တင်လှ။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကလောမြို့ အမှတ်(၄)ရပ်ကွက်၊ ၄/၄၃ နေ ဦးကျော်သန်း-ဒေါ်စန်းမြင့်တို့၏သား မောင်ရဲမင်းသူ ၁၃/ကလန(နိုင်)၀၆၇၇၂ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ပြုမူပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ တာဝန်ယူမည်မဟုတ်ပါ။

ဦးကျော်သန်း-ဒေါ်စန်းမြင့် ကလောမြို့။

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာ ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ **Admin Manager** ကျား ၁-ဦး
-ဘွဲ့ရ ၊ အသက် (၃၅) နှစ်မှ (၅၅) နှစ်ကြား၊ ရုံးလုပ်ငန်းအတွေ့အကြုံလုပ်သက် (၅) နှစ်ရှိရမည်။

၂။ **Assistant Manager** ကျား/မ ၁-ဦး
(Tourism-Sales & Marketing)
-ဘွဲ့ရ၊ အသက် (၂၅) နှစ်မှ (၄၅) အတွင်း၊
-လုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိရမည်။

၃။ **Assistant Manager** ကျား/မ ၁-ဦး
(Business Development)
- ဘွဲ့ရ၊ အသက် (၂၅) နှစ်မှ (၄၅) အတွင်း၊

၄။ **စာရင်းကိုင်** ကျား/မ ၁-ဦး
-**B.Com** (သို့) စာရင်းကိုင်လုပ်ငန်း အတွေ့အကြုံ (၃)နှစ် မှ (၅)နှစ်ရှိရမည်။
နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။

(လျှောက်လွှာခေါ်ယူသည့်ရာထူးများအတွက် အရည်အချင်းကိုကြည့်၍ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်)

လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက် အပြည့်အစုံ (C.V)၊ လိုင်စင်ဓါတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်နှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - **No.158, 46th St, Upper Block, Botataung Tsp, Yangon. Tel: 01-203403, 703173.**

မြန်မာသိ **ခရသင်း၊ သမင်ဖြူ** ကမ္ဘာသိ

ကျစ်ရှိတ်မစ်ရှင် ကျွန်းကလေးဆရာကြီး၏သမီး
နေလိစ်စ်အရှေ့ဗြား အထူးကုဆေးခန်းမှ

မြီး၊ နီ၊ နက်၊ အကွက်များ။ ဆိုရေရိုက်စစ်၊ ဂနိုးရီးယား၊ ဆစ်ဖလစ်၊ ကာလသားရောဂါ၊ ထုံနာ၊ ကျင်နာ၊ ဆီးပူညောင်းကျ၊ ရွေး ဝဲ ၊ နှင်းခူ ၊ အရေပြားရောဂါ အမျိုးမျိုးကိုကုသပေးပါမည်။

နေလိစ်စ်ဆေးဝါးထုတ်လုပ်ငန်း -တိုက်အမှတ်(၁)၊ ဗညားဒလလမ်းနှင့်စက်မှုလမ်းထောင့်၊(၄)လွှာကမ္ဘောဇဘဏ်အပေါ်ထပ်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၂၀၀၄၉၁၊ ၂၀၀၇၄၇ လိုင်းခွဲ၊ ၇၀၀၆။

မြန်နန္ဒာဆေးတိုက် - အမှတ် (၃၁၄)၊ ရွှေဘုံသာအလယ်လမ်း။ ရန်ကုန်မြို့။
နေလိစ်စ်ဆေးခန်း - အမှတ် (၂၀၃)၊ E-2 (ပထမထပ်) ၊ ဗညားဒလလမ်းကြီး ယုဇနပလာဇာရှေ့၊ ရန်ကုန်မြို့။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးမြို့ ၁၉ × ၈၇ လမ်း၊ ဇဋိလရပ်နှင့်
ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၁၂လမ်း၊ အမှတ် ၉ နေ
ဦးကံတိုး-ဒေါ်ကြည်(အောင်စုမွန်ပုဂံရောင်းဝယ်ရေး)
တို့၏ သား
မောင်အောင်ကျော်စိုး B.A(Geo)
နှင့်
ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်(၁၄)၊ အခန်း(၁၄)နေ
ဗိုလ်ကြီးသန်းဝင်း(ငြိမ်း)-ဒေါ်ချစ်တင်တို့၏ မြေး
သီပေါမြို့နေ
ဦးအေးကျော်-ဒေါ်ချယ်ရီလွင်
တို့၏ တစ်ဦးတည်းသော သမီး
ဒေါက်တာထက်ထက် M.B.B.S (Ygn)

တို့၏ ၃၁-၁-၂၀၀၄ ရက်နေ့တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ညွန့်ညွန့်ဝေတို့အား လည်းကောင်း၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော ဗိုလ်မှူးကြီး အုန်းမောင်မောင်နှင့် ဇနီး ဒေါ်ဆွေဆွေလဲ့တို့အား လည်းကောင်း၊ ရန်ကုန်မြို့ Yuzana Garden Hotelနှင့် ၅-၂-၂၀၀၄ ရက်နေ့တွင် မန္တလေးမြို့ Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားများတွင် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆရာ၊ဆရာမများနှင့် ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသောဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မမေသက်ထဏ်နှင့် မသင်းသင်းယုလှိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးကြသော မတင်တင်ထွေးနှင့်မယုဝါထွေး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော ဒေါ်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြသော The Aces တေးဂီတအဖွဲ့၊ မိတ်ကပ်၊ ဆံပင်အလှဆင်ပေးသော မိတ်ကပ်အောင်အောင်(တောင်ကြီး)နှင့် ကိုအောင်သန်း (အမရပူရ)၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင်ပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့သားများနှင့် မောင်မောင်လှတင့် (မန်းတက္ကသိုလ်)၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ရန်ကုန်မြို့ Yuzana Garden Hotelနှင့် မန္တလေးမြို့ Sedona Hotelမှ ဟိုတယ်မန်နေဂျာနှင့် ဝန်ထမ်းများအား လည်းကောင်း လှိုက်လှဲစွာကျေးဇူး ဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကျော်စိုး-ဒေါက်တာထက်ထက်။

(၂၇)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဒေါက်တာမေအောင်နှင့် ချစ်မေမေ ဒေါ်မြတ်မွန်အောင်တို့၏ ၁၂-၂-၂၀၀၄ ရက်တွင် ကျရောက်သော (၂၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သမီးများနှင့်အတူ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သမီးများ – **မအေးချမ်းမေအောင်**
– **မဖြူစင်မေအောင်**
– **မရွှေရည်မေအောင်**
– **မမွန်မြတ်မေအောင်**

မိတ်ဆုံကိုမြို့လွင်
ရွှေထူးလွင် ဘုရားဖူးပို့ဆောင်ရေး
ရွှေစက်တော်၊ မော်တင်စွန်း၊ အင်းတော်ကြီး ရှိုင်း
ရွှေစက်တော် ၃/၄ ရက် ပုဂံ၊ ညောင်ဦး ၆ ရက်၊ (တောင်ကြီး၊ အင်းလေး)၊ (မန္တလေး၊ ပြင်ဦးလွင်) ၉ ရက်၊ အားလုံးပါ ၁၂ ရက်၊ အလောင်းတော်ကဿပ ၇ ရက်၊ ချောင်းသာ၊ ငွေဆောင်၊ ကျိုက်ထီးရိုး (/၁၃/၂၀/၂၇-၂-၀၄) ညထွက်မည်။ Ph-254608, 254529
အမှတ် (၄၄/၁)၊ ရွှေဂုံသာအထက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့် (ကားစီးလုံးငှားသည်)
အမှတ် (၁၁/၈)၊ သုဓမ္မာလမ်းမကြီး၊ ဘူတာမှတ်တိုင်နှင့် ဥက္ကလာမှတ်တိုင်ကြား၊ မ/ဥက္ကလာ

ကာရိုနားကား
အငှားလိုက်ပါသည်။
၃၃၇၊ အမှတ်(၄) လမ်းမကြီး
ပန်းခြံစု၊ ရွှေပြည်သာ၊
စက်မှုဇုန်အနီး။ Tel-703234

ကားစီးလုံးငှားမည်
ရန်ကုန်မြို့တွင်း / မြို့ပြင်
လချုပ်/နေ့ချုပ် ငှားလိုသူများ
(၂၄ နာရီ ဝိတ်ရက်မရှိပါ)
MT&K Tourism Co.,Ltd.
Ph:663161, 666220, 4411043
09-2042015, 09-5016937

၁၂-၂-၂၀၀၄

(၂၃)နှစ်မြောက် မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ဦးမောင်မောင်မြင့်(စက်မှု-၁ ပြင်/ထိန်း) ဆားလင်းကြီး ချည်/ထည်စက်ရုံ စီမံကိန်းနှင့် ဒေါ်ခင်စောနွဲ့တို့၏ ၁၂-၂-၂၀၀၄ရက်မှာ ကျရောက်သော(၂၃)နှစ်မြောက် မင်္ဂလာရက်မှသည် နှစ်တစ်ရာတိုင် ချစ်သော တူ၊တူမများနှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် သာယာချမ်းမြေ့သောဘဝလမ်းခရီးကို လျှောက်လှမ်းနိုင်ပါစေ။

နန်းယုမော်၊ နှင်းယုမော်၊ သန်းသန်းမော်၊ သွင်မြတ်မော်၊ ယမင်း၊ ကျော်ရှိန်၊ မျိုးမင်းကျော်၊ သီရိကျော်ရှိန်၊ ကောင်းကျော်ရှိန်

မြေးလေး – **မေသူကျော်**

စလောင်း
၂၄ နာရီ ရုပ်ရှင်လိုင်းများ ပွင့်ပါပြီ။
ESPN မကြာမီ ပွင့်မည်။
ZN SATELLITE GROUP.
Tel: 727548

အမည်ပြောင်း
ခရမ်းမြို့ အထက(၂)နဝမတန်း (A)မှ ဦးဇော်ခင်၏သား မောင်ချမ်းမြေ့ဇော် ၁၂/ခရန (နိုင်)၁၉၈၉၆၈ အား ယနေ့မှစ၍ မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **ဟိန်းထက်ဇော်။**

ပဲဆီစစ်စစ်၊ နှမ်းဆီစစ်စစ် စားလိုသူများ ...
ရန်ကုန်ပဲဆီသန့် ရန်ကုန်နှမ်းဖြူရည်ဆီသန့်
09-5003646
ကိုယ်ပိုင်စိတ်ချရတယ်နော်
၅ ပိဿာနှင့်အထက် မှာယူပါက အခမဲ့ အိမ်အရောက်ပို့ဆောင်ပေးပါသည်။
✆ : (01) 382323, 382337 , 251230, 681310, 728282, 660283, 02 - 80227



(၁-၂-၂၀၀၄ ရက်မှ ၁၅-၂-၂၀၀၄ ရက်ထိ) Program (2) စတင်ပါပြီ။ Program (1)မှ ပေါက်သော ဆုမဲများကို မိမိဝယ်ယူခဲ့သော ဆိုင်များတွင် ကိုယ်တိုင်တိုက်ရိုက်၍သော်လည်းကောင်း၊ ဖုန်းဖြင့်မေးမြန်း၍သော်လည်းကောင်း စုံစမ်းနိုင်ပြီး ပေါက်လျှင် ပြေစာနှင့်တကွ ၂၉-၂-၂၀၀၄ ရက် နောက်ဆုံးထား ထုတ်ယူပါရန်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် သ/၇၂၇၁ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ရန်ကုန်တိုင်း

ခုခံအားကျဆင်းရောဂါ
တစ်ပြည်လုံးရှိ ခုခံအားကျဆင်းရောဂါ ရှိသူများအား အသက်ကယ်ပေးနေပါပြီ။ သွေးစစ်၍ positive တွေ့ထားသူများ အမြန်ဆုံး ဆက်သွယ်ပါ။ အချိန်တိုတိုအတွင်း ခုခံအား အမြင့်ဆုံးရောက်လာအောင် CD$_4$ Count အမြန်ဆုံး တက်လာအောင် အဆင့်မြင့် သိဒ္ဓိဝင်ကုထုံးများ၊ အဆင့်မြင့် ကိုယ်ခံစွမ်းအားမြင့် တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါပြီ။ သမားတော် စာရေးဆရာ ဝါးခယ်မစိုးမြင့်အောင် (တဆ - ၃၃၁၂)
မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းရင်းအထူးကုဆေးခန်း
အမှတ် – ၁၂၄ ၊ ၄၂လမ်း၊ (ဝန်ကြီးများရုံးအနီး)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဆေးခန်းဖွင့်ချိန် – နေ့စဉ် နံနက် (၁၀) နာရီ မှ ညနေ (၅) နာရီအထိ၊ ဖုန်း- ၃၉၀၁၁၅

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
မခင်မျိုးမင်း
အသက်(၂၇)နှစ်
မြောက်ဦးမြို့
'မျိုး'ကွယ်လွန်ခဲ့သည်မှာ ယနေ့ ၁၂-၂-၂၀၀၄ ရက်တွင် တစ်နှစ်တိတိ ပြည့်ခဲ့ပါပြီ။ 'မျိုး'အတွက် ရည်စူးပြီး နေ့စဉ်လစဉ်ပြုလုပ်ခဲ့သည့် ကုသိုလ်ကောင်းမှု အစုစုကို 'မျိုး'ရောက်ရာအရပ်မှ သာဓုခေါ်နိုင်ပါစေ။
ချစ်ခင်ပွန်း ဦးတင်မောင်ထွေးချို
(SAE တော်ဝင်တံတား)ပခုက္ကူခရိုင်
ချစ်သမီးကြီး – မျိုးစန္ဒာချို
ချစ်သမီးငယ် – အိခက်ပိုင်မျိုး

ဝမ်းနည်းကြေကွဲခြင်း
ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ခင်အောင်-ဒေါ်ကြည်သင်းမေတို့၏ ဖခင် ဦးကိုကြီး(ခ)ဦးကိုလေး ကွယ်လွန်သွားသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။
ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့်
Win & Win Co.,Ltd.

ရောင်းမည် သာကေတ ၃ရပ်ကွက် ရန်ပြေ၊ ၂၀ x၆၀ (မြေပိုင်) နှစ်ထပ် ပျဉ်ထောင် သွပ်မိုး၊ ရေမီး၊ ညီနိုင်းဈေး။ ပွဲစားမလို။ စုံစမ်းရန်-၀၉-၅၀၁၁၃၇၂

ဒေါ်ခင်ကြည်
(ဓနိကုန်း)
အသက်(၈၁)နှစ်

ဓနိကုန်းမြို့(ဦးထွန်းဦး-ဒေါ်နှင်းအေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် ၁၂၀ နေ ဦးညွန့်မောင်၏ဇနီး၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်း(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်စိုး၊ ဒေါ်လှလှကြည်(ဌာနခွဲ-၃၊ စာရင်းစစ်ချုပ်ရုံး)တို့၏မိခင်၊ ဗိုလ်သန်းဉာဏ်စိုး(တပ်မတော်-လေ)၊ မောင်ဆန်းဉာဏ်စိုး(တ-နှစ်၊ ဆေး-၁)၊ ဗိုလ်လောင်းကျော်ထူးနိုင်(၃-နှစ်၊ တပ်မတော်နည်းပညာတက္ကသိုလ်)တို့၏အဘွားသည် ၁၀-၂-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတင်ထွဋ် (စစ်ကိုင်း)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အသက်(၇၀)

စစ်ကိုင်းမြို့၊ ကွက်သစ်ရပ်နေ (ဦးစံပေါ်-ဒေါ်လှစိန်)တို့၏သား၊ စစ်ကိုင်းမြို့၊ ရွာတောင်ရပ်နေ (ဦးဘရှင်-ဒေါ်စောလှိုင်)တို့၏သားသမက်၊ ဒေါ်သန်းကြည်၊ ဒေါ်သန်းရီတို့၏မောင်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ အနောက်ရန်ကင်း၊ တိုက် ၃၃၁၊ အခန်း ၉ နေ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ မောင်ထင်လင်းထွဋ်၊ မောင်မျိုးမင်းထွဋ်၊ မကျော့လင်းထွဋ်(MEC)၊ (မောင်ဖြိုးမင်းထွဋ်)တို့၏ဖခင်သည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

လွမ်းဆွတ်သတိရခြင်း

မြောက်ဦးမြို့၊လက်ကောက်ဈေးရပ်ကွက်နေ ဦးကျော်မင်း-ဒေါ်မဲ့ချေတို့၏ သမီးငယ်၊ ဒေါ်ခင်မင်းဦး၊ဒေါ်ခင်မင်းနွယ်တို့၏ ညီမ ဒေါ်ခင်မျိုးမင်း ကွယ်လွန်ခဲ့သည်မှာ ၁၂-၂-၂၀၀၄ရက်တွင် တစ်နှစ်ပြည့်ပြီဖြစ်ပါ၍ ပြုသမျှ ကုသိုလ်အပေါင်းအား အမျှပေးဝေပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်နုလှ (စစ်တွေ)
အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ တိုက် ၃၅၊ အခန်း ၁၀၁(စီ)၊ ၁ လမ်း၊ ယုဇနဉယျာဉ်မြို့တော်နေ(ဦးဦးထွန်းလှ၊ အရေးပိုင်-ဒေါ်နှင်းဦးခိုင်)တို့၏ သမီးကြီး၊ (ဦးစံကျော်၊ ဒုညွှန်မှူး၊ မိုး/ဇလ၊ ငြိမ်း)၏ဇနီး၊ဒေါ်စံသာနု-ဦးမောင်မောင်သိန်း(အလုပ်ရုံခွဲမှူး၊ အုတ်ကျင်း ဂုန်နီစက်ရုံ၊ငြိမ်း)၊ ဦးအောင်လှထွန်း(မြို့နယ်စာရင်းစစ်ဦးစီးမှူး၊ မောင်တော)-ဒေါ်ခင်မိုးသောင်း၊ဦးမောင်မောင်လှ၊ဒေါ်သိန်းနု(မိုး/ဇလ)၊ ဒေါ်ရင်နု-ဦးမောင်မောင်ဌေး၊ ဦးအောင်ထွန်းကျော်(မိုး/ဇလ)-ဒေါ်မာလာသန်းတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၁-၂-၂၀၀၄ရက် နံနက် ၉:၃၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မြင့်မြင့်ဆွေ(ခ)မတူး
(ဗိုလ်ချုပ်ဈေး)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၇၃(မြေညီထပ်)နေ (ဦးစစ်ဟုတ်-ဒေါ်ဦးမေ)တို့၏သမီး၊ (ဦးစိန်ပွင့်-ဒေါ်ကြာပန်းခိုင်)တို့၏သမီးချွေးမ၊ ဦးကျော်စိန်(နှင်းနန္ဒာရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၏ဇနီး၊ ဒေါ်ဝင်းဖေ-ဦးအောင်မြင့်၊ ဒေါ်ဝင်းဆွေ-ဦးညိုမောင်တို့၏ညီမ၊ ဒေါ်ရီရီမေ-ဦးတက်ထွန်း၊ ဒေါ်ရီရီဆွေ၊ ဦးဝေစိုး-ဒေါ်စမ်းစမ်းအေး၊ ဦးအောင်သူ-ဒေါ်စန္ဒာလင်း၊ ဦးကျော်ကျော်ထွေး-ဒေါ်မူမူအေးတို့၏ အစ်မ၊ တူ တူမ ၂၁ ယောက်တို့၏အဒေါ်သည် ၁၀-၂-၂၀၀၄ရက် ညနေ ၆:၂၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၂-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်၌ဝတ်ပြုကိုးကွယ်ပြီး ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးတင်လင်း
(မုံရွာ၊ ဘုတလင်)
အသက်(၄၆)နှစ်

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ဘုတလင်ကျေးရွာနေ ဦးသန်းညွှန့်-ဒေါ်သိန်းကြွယ်တို့၏သား၊ မစန်းစန်းမြင့်(ခ)မဇင်မာလင်း(ဒုတိယနှစ်၊ ဥပဒေ၊ ဒဂုံတက္ကသိုလ်)၏ဖခင်သည် ၉-၂-၂၀၀၄ရက် (တနင်္လာနေ့)တွင် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ရွှေရင်အေးဈေးလမ်း၊အမက-၃၄၊ ကျောင်းဆိုင်ခန်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ဝင်း
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၈၊ ၂၃ လမ်းနေ (ဦးယုခင် - ဒေါ်ညွှန့်ရီ)တို့၏ သမီး၊ (ဦးတင်ကျင်-ဒေါ်စိန်ဝိုး)တို့၏ သမီးချွေးမ၊ ဦးတင့်ဇော်၏ဇနီး၊ မဇင်မော်ဦး-ကိုကျော်ဝင်း၊ မောင်ဇော်ဝင်းအောင်၊ မခင်ထားအိ၊ မောင်ကျော်မြင့်ဦးတို့၏မိခင်၊ ဒေါ်ကျင်မွေး၊ (ကိုသက်ထွန်း)တို့၏ညီမ၊ ဦးမောင်မောင်လတ်၊ ဒေါ်ခင်စိုးဝေ၊ ဒေါ်ခင်စိုးမှီ၊ ဒေါ်ရီရီမြင့်၊ ဒေါ်မြင့်မြင့်မွန်တို့၏အစ်မသည် ၁၁-၂-၂၀၀၄ရက် နံနက် ၁၁:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက် (သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိန်ကျော်ဝင်း
ရောင်နီဝင်း သံသေတ္တာ၊ ရေပုံးလုပ်ငန်း
(၁)ရပ်ကွက်၊မြောက်ဥက္ကလာပ
အသက်(၅၂)နှစ်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်နေ (ဦးကြာလှအောင်-ဒေါ်ဦးစိန်ဖြူ)တို့၏သား၊ (ဦးမောင်ဦး)-ဒေါ်ခိုင်စောသာတို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၂၁လမ်း၊ အမှတ် ၈၀၆ နေ ဒေါ်ရွှေခိုင်၏ခင်ပွန်း၊ မောင်ဝင်းကို B.Sc(Chem;)-မအိသန္တာလွင်(2nd Bot;)၊မသန်းသန်းရွှေ(B.Sc,Chem;)၊ ဗိုလ်လောင်းနိုင်လင်း (စစ်တက္ကသိုလ်)တို့၏ဖခင်သည် မြောက်ဥက္ကလာပဆေးရုံကြီး၌ ၁၀-၂-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နော်နော် (သန်လျင်)
အကောက်ခွန်(တောင်ကြီး)
အသက်(၅၁)နှစ်

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ အမှတ် ၁၆၊ ဦးလှထွန်းလွင်လမ်းနေ ဦးစောတင်-(ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်)တို့၏ သမီးချွေးမ၊(ဦးကျော်မင်း)-ဒေါ်စိန်ခိုင်ဦးတို့၏သမီး၊ ဦးသန့်ဇင်(သန်လျင်၊ ရေနံ)၏ဇနီး၊ မဝတ်ရည်သန့် (သန်လျင်၊ စာတိုက်)၏မိခင်၊ ဦးလှဝင်း-ဒေါ်မူမူအေး(မူပြ)၊ ဦးအိုက်စံ-ဒေါ်စန်းစန်းအေး၊ ဦးသိန်းမြင့်-ဆရာမဒေါ်ကြည်ကြည်စိန်၊ ဦးကျော်ဘ-ဒေါ်ခင်စန်းဝေ၊ ဦးဝင်းရှိန်-ဒေါ်ဆွေဆွေအေး(အကောက်ခွန်)၊ မောင်မောင်ရွှေတို့၏အစ်မသည်၁၀-၂-၂၀၀၄ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိုးမြင့် (ဖျာပုံ)
အသက်(၈၆)နှစ်

ဖျာပုံမြို့နေ(ဦးထွန်း-ဒေါ်ပန်းအိ)တို့၏သားကြီး၊ (ဦးမောင်ကြီး-ဒေါ်သိန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၁၇၊တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ (ဒေါ်မြမြကြီး)၏ခင်ပွန်း၊ (ဦးသိန်းလွင်)-ဒေါ်သီတာမြင့်၊ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးဉာဏ်ထိန်လင်း(အမှတ်-၂၊ တပ်မတော်ဆေးရုံ)-ဒေါက်တာစန္ဒာမြင့်၊ ကပ္ပတိန်မော်ဦးမြင့်(Lizstar Company)-ဒေါ်မိုမိုအောင်၊ ဦးကျော်ဦးမြင့်၊ ဦးမြင့်သိန်းထွန်း၊ ဒေါ်မာလာမြင့်တို့၏ဖခင်ကြီး၊ ဇင်နွယ်လင်း(M.Sc, Oxford)၊ သဥ္စာသိန်းလွင်(Final Part II, IM 1)၊ ဝေမာလင်း(3rd M.B, IM 1)၊ မေသူမြင့်(Final Yr. English)၊ မြင့်သူထွန်း(2nd M.B, IM 1)၊ မိုးဆက်မြင့်၊ စိုးပြေထွန်းတို့၏ဘိုးဘိုးကြီးသည် ၈-၂-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၈:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

လွမ်းဆွတ်သတိရခြင်း
ဦးထွန်းလင်း
၂၃-၁၁-၂၀၀၃ နှစ် (၂၀) ပြည့်
ဒေါ်စိန်စိန်
၁၂-၂-၂၀၀၄ (၆)နှစ်ပြည့်

ကွယ်လွန်သူများအားရည်စူး၍ ၁၂-၂-၂၀၀၄ရက်(ပြည်ထောင်စုနေ့)တွင် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းပါသည်။ အဖေနှင့်အမေ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သမီး တင်မိုးသူ၊
ကျန်ရစ်သူ သားသမီးများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်အမာကြည် (ဇလွန်)
ရွှေပင်ဆင့် အထည်ဆိုင်၊ မင်္ဂလာဈေး
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ မြို့မကျောင်းလမ်း၊ တိုက်အမှတ် ၃၊ အခန်းအမှတ် ၁၁ နေ ဦးသိန်း၏ဇနီး၊ ဒေါ်တင်အေး(တွဲဖက်ပါမောက္ခ၊မြန်မာစာဌာန၊ ဟင်္သာတ တက္ကသိုလ်)၊ ဦးတင့်လွင်-ဒေါ်စန်းစန်းဌေး၊ ဦးတင်စိုး(ရွှေပင်ဆင့်-၂၊ မင်္ဂလာဈေး)-ဒေါ်ဝင်းသန်း(ကထိက၊ စာပေဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်)၊ဒေါ်စန်းစန်းဝေ၊ဒေါက်တာမြင့်ဦး(ဒဂုံတောင်၊ဒေသန္တရကျန်းမာရေးဌာန)-ဒေါ်မာမာဝေ (ရွှေပင်ဆင့်-၁၊ မင်္ဂလာဈေး)တို့၏မိခင်၊မြေး ၁၃ယောက်တို့၏အဘွားသည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးချမ်းအေး (ကျောက္ကာရွာ)
အသက်(၇၀)

တောင်သာမြို့နယ်၊ ကျောက္ကာရွာနေ ဒေါ်ဖွားစု၏ခင်ပွန်း၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကမ္ဘာအေးဘုရားကြီးလမ်း၊ အမှတ် ၅၈၅ နေ ဒေါ်တင်မြင့်ကြည်(DICA)၊ ဦးမြင့်ဆွေ-ဒေါ်သီတာစိုး၊ ဒေါ်တိုးတိုးမြင့် (အလက-၂၃၊ မ/ဥက္ကလာ)၊ ဒေါ်တင်တင်စီ၊ တကကအောင်မြင့်စိုး(တပ်မတော်-လေ)-ဒေါ်ဇင်မာခိုင်၊ ဒေါ်ရီရီဝင်း(ကုန်သွယ်/လယ်ယာ၊ရုံးချုပ်)၊ ဒေါ်ရီရီသင်း (စိုက်ပျိုးရေး၊ရုံးချုပ်)၊ ဗိုလ်ဆန်းလင်း(တပ်မတော်ဆေးတက္ကသိုလ်)၊ ဦးဘိုချွန်-ဒေါ်သူဇာဝင်းတို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၁၁-၂-၂၀၀၄ရက် မွန်းလွဲ ၁၂:၄၀ နာရီတွင် တပ်မတော်အသည်းအထူးကုဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ညို
ဒုညွှန်မှူး၊ (ငြိမ်း)၊ (ထွေ/အုပ်)
အတွင်းရေးမှူး(မြန်အောင်အသင်း)
အသက်(၆၇)နှစ်

မြန်အောင်မြို့၊ ဘတလင်ရပ်နေ (ဦးသစ်-ဒေါ်သိန်းတင်)တို့၏ သား၊ တောင်တွင်းကြီးမြို့နေ (ဦးဘသွယ်-ဒေါ်မြသန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၃၃(၈)နေ ဒေါ်ယဉ်ယဉ်မေ (ပုဇွန်တောင် သ/မဆေးခန်း)၏ ခင်ပွန်း၊ ကိုကျော်ဇေယျ(ကိုကျော်မင်း)၊ကိုသီဟ-မမေသန္တာညို (Interasia Lines)တို့၏ဖခင်သည် ၁၀-၂-၂၀၀၄ရက် (အင်္ဂါနေ့)ည ၈:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ညွန့်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇ လမ်း၊ အမှတ် ၁၁၂(ဘီ)၊ မြေညီထပ်နေ (ဦးယုစိန်-ဒေါ်ကင်တီ)တို့၏သမီးကြီး၊ (ဦးခွမ်းနာ)-ဒေါ်ဖိုင်ရာတို့၏သမီးချွေးမ၊ (ဦးချွေးလေး)၏ဇနီး၊ (ဦးဝမ်း)၊ ဦးသိန်းဟန်-ဒေါ်မွှေးကြိုင်တို့၏ ညီမ၊ ဦးတင့်လွင်-ဒေါ်ကျင်စိန်၊ ဒေါ်စန်းစန်းနွယ်၊ ဦးသန့်ဇင်တို့၏အစ်မကြီး၊ ဒေါ်ခင်လှဝင်း-ဦးမောင်မောင်စိုး၊ ဒေါ်ခင်လှရီ-ဦးမြင့်စိုး၊ မစောဌေး၊ မတင်တင်မြင့်၊ မောင်ကျော်သန်းမြင့်၊ မောင်စိုးအောင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၀-၂-၂၀၀၄ရက် (အင်္ဂါနေ့)ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ ထွက်ခွာမည် ဖြစ်ပါကြောင်း။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးချိုဝင်း
(ဆောက်လုပ်ရေး၊အငယ်တန်းအင်ဂျင်နီယာ)
အသက်(၅၅)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ၈၅၅(ခ)၊ အောက်မင်္ဂလာဒုံ ၁ လမ်းနေ (ဦးထွန်းကြိုင်-ဒေါ်သန်းရှင်)တို့၏သား၊ (ဦးစောမောင်ခင်-ဒေါ်မြတင်) တောင်သူကုန်းတို့၏ သားသမက်၊ ဦးမင်းရွှေ-ဒေါ်သောင်း၊ (ဦးတင်အောင်)-ဒေါ်သန်းတင့်တို့၏ညီ၊ ဒေါ်ရီတာ၏ခင်ပွန်း၊ (မောင်ချိုအောင်)-မစန်းအေး၊မောင်ရဲထွန်း-မတင်တင်စန်း၊ မောင်ရဲအောင်-မသီတာ၊ မတင်တင်ချိုတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ၁ နာရီ၌ အင်းစိန်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ (အောင်ဆန်းဘုရားကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မမခင်
(အဝေးသင်တက္ကသိုလ်၊ ဘဏ္ဍာ-၁)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၄၊ ဓမ္မာရုံဖြတ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးမောင်မောင်ဆင့်-ဒေါ်သန်းရီ)တို့၏သမီး၊ ဦးသိန်းဌေး-ဒေါ်သန်းသန်းနွယ်တို့၏ညီမ၊ ဦးခင်မောင်မောင်-ဒေါ်အေးအေးမူ၊ ဒေါ်လှလှမေ၊ ဦးသိန်းဇော်-(ဒေါ်သန်းသန်းဌေး)၊ ဦးမောင်မောင်သန်း၊ ဒေါ်ကေသီဆင့်၊ ဦးဝင်းကိုကို၊ ဦးဆဏ်ဝင်း၊ ဦးညီညီစိုးတို့၏အစ်မကြီး၊ တူ သုံးယောက်တို့၏အဒေါ်သည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးတင်အောင်
ဘောင်းနို့ဆီတိုက်
(မန္တလေး)
အသက်(၆၈)နှစ်

မန္တလေးမြို့ (ဦးစံတင်-ဒေါ်တင်တင်)(ဘောင်းနို့ဆီတိုက်)တို့၏သားကြီး၊ (ဦးညိုအေး)-ဒေါ်ခင်သန်းနွယ်(မှတ်တမ်းရုံး)၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်အုန်း၊ အုပ်ခွဲတပ်ကြပ်ကြီးကြည်စိုး-ဒေါ်ဘေဘီမြင့်၊ (ဦးတင်အုန်း-ဒေါ်ခင်ဝင်း)၊ ဦးမြသိန်း-ဒေါ်ခင်စန်းရီ၊ ဦးသန်းထွန်း-ဒေါ်ခင်နှင်းရီတို့၏အစ်ကိုကြီး၊ တူ/တူမ ၃၀ ယောက်တို့၏ဘကြီး၊ ပဲခူးတိုင်း၊တောင်ငူမြို့၊(၁၉)ရပ်ကွက်၊တိုင်းတံခွန်စားသောက်ဆိုင်နေ ဒေါ်ရီရီဝင်း၏ခင်ပွန်း၊ မနီလာအောင်၏ဖခင် ဦးတင်အောင်သည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၁၀ နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်စန်း
အသက်(၈၆)နှစ်

မန္တလေးမြို့နေ(ဦးမောင်မောင်တုတ်-ဒေါ်ခင်ခင်ကြီး)တို့၏သမီး၊ တောင်ကြီးမြို့၊ အောင်သပြေစွယ်တော် သာသနာပြုကျောင်း ဆရာတော်ကြီး၏ ရဟန်းဒါယိကာမကြီး၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက်၊အမှတ် ၆၇၅ နေ (ဦးမောင်မောင်)-ဒေါ်ကျင်ပိုင်တို့၏အစ်မ၊ (ဒေါ်ခင်သန်း)၏ညီမ၊ တူတူမ လေးယောက်တို့၏အဒေါ်၊ ဦးကျော်သိန်း-ဒေါ်ညွန့်ရီ၊ ဦးမောင်မောင်နိုင်-ဒေါ်ချိုချိုတို့၏မိခင်၊ မြေး ၁၆ ယောက်တို့၏အဘွားသည် ၁၀-၂-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းမယ်တော်ကြီး
ဒေါ်ညွန့်တင်
(ကျောက်ကြီးမြို့၊နွယ်တန်းကျေးရွာ)
အသက်(၇၇)နှစ်

ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်၊ နွယ်တန်းကျေးရွာနေ (ဦးသူတော်-ဒေါ်မယ်ကြိုင်)တို့၏သမီး၊ (ဦးထွန်းအေး-ဒေါ်ကြာစေ့)တို့၏ သမီးချွေးမ၊ ဦးခင်မောင်၏ဇနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇမ္ဗူအေးကျောင်းတိုက်၊ သဒ္ဓမ္မသီရိကျောင်း ဆရာတော် ဘဒ္ဒန္တသောဘိတ၊ ဦးသန်းမြ-ဒေါ်ခင်နွယ်ဦး၊ ဒေါ်မြင့်သိန်း၊ (ဦးတင်ချစ်)-ဒေါ်သိန်းမြင့်၊ ဦးသန်းအေး၊ကိုဝင်းမောင်-မတင်ဌေး၊ ကိုမြဝင်း-မတင်မွေး၊ ကိုမောင်နိုင်-မမြင့်မြင့်မော်တို့၏မိခင်၊ မြေး ၁၇ ယောက်၊ မြစ် ရှစ်ယောက်တို့၏အဘွားသည် ၉-၂-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ သဒ္ဓမ္မသီရိကျောင်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်နော်အက်စတာကျော်(ခ)
နော်အေးမေ
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ကြခင်းစုရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၂၄ နေ (ဦးဘိုးကျော်)-ဒေါ်နော်လွယ်ဝါးတို့၏သမီး၊ ဦးပေါစိုးမင်း-ဒေါ်သောရီ၊ ဦးရွှေထွန်း-ဒေါ်အီကလဲ့တို့၏ညီမ၊ ဦးဖြူဖြူ-ဒေါ်အဲလာ၊ ဦးစောစေးတာ-ဒေါ်ဘဲဝါးတို့၏အစ်မ၊ ကိုဇော်မျိုးနိုင်-နော်လေးဖောထူး၊ နော်အယ်ဖောထူး၊ စောသိန်းထူးမြတ်၊ စောထွန်းလင်းမြတ်တို့၏မိခင်၊ စောမူးသထူး၏အဘွား၊(စောမေလ်တန်)၏ဇနီးသည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၂-၂၀၀၄ ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် မြောက်ဥက္ကလာပ ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃:၁၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဝဏ္ဏကျော်ထင်
ဦးအောင်စောဦး (B.A)
(ဘူးသီးတောင်)
မြေတိုင်းဝန်ထောက်(ငြိမ်း)
အသက်(၈၆)နှစ်

ဘူးသီးတောင်မြို့(ဦးစောသာအောင်-ဒေါ်ခိုင်လှဦး)တို့၏သား၊ (ဦးအောင်စောထွန်း-ဒေါ်စိန်ဖြူ)၊ (ဦးစောလှ-ဒေါ်စောမေ)၊ ဒေါ်စောနု-(ဦးမောင်ဘန်းဖြူ)၊ (ဒေါ်စောညွန့် - ဦးအိုးဖောက်ကေ)၊ ဦးအောင်ကျော်-ဒေါ်မိုးသူတို့၏အစ်ကိုကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် ၁၆/၁၅၅ နေ ဒေါ်မြသန်း၏ခင်ပွန်း၊ ဦးမြင့်သူ-ဒေါ်ခင်သန်းမူ၊ ဦးမောင်မောင်အောင်-ဒေါ်မေသန်းဦး၊ ဦးခင်မောင်ကျော်-ဒေါ်ခင်လှသန်း(ဒေါ်နီနီအောင်)၊ (ဦးညီညီအောင်)၊ မဝင်းဝင်းနွယ်တို့၏ဖခင်၊မောင်အောင်ကျော်သူ-မစံမေသိန်း၊ မောင်ကျော်မင်းသူ-မခမ်းလှ၊ မောင်အောင်ရဲကျော်၊ မမြရတနာမိုးတို့၏အဘိုးသည် ၁၀-၂-၂၀၀၄ရက် (အင်္ဂါနေ့) ည ၁၁ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှဝင်း
(မြန်မာ့အလင်းသတင်းစာတိုက်)
အသက်(၄၃)နှစ်

ဦးညိုစိမ့်(မြန်မာ့အလင်းသတင်းစာတိုက်၊ ငြိမ်း)-ဒေါ်တင်တင်တို့၏သား၊ ဦးလှရွှေ-ဒေါ်ချစ်လှတို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၅၂၇(ရေစက်ဝင်း)နေ ဒေါ်စိန်သန်းမြင့်၏ခင်ပွန်း၊ မောင်ချမ်းမြေ့ဝင်း[အထက-၃၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)]၊ မောင်ထက်သူဝင်း[အထက-၃၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)]၊ မအိမြတ်နိုးဝင်း[အထက-၃၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)]၊ မောင်ကောင်းစံဝင်း[အထက-၃၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)]တို့၏ဖခင်သည် ၁၁-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂:၄၅ နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အလုပ်သမားဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းကျောင်းအမ
မခင်သိန်းဝင်း(ခ)
မနှင်းနှင်းဝေ(ခ)မသီတာ
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တောင်ငူ ၁၃ လမ်း၊ အမှတ် ၃၂၁ နေ ဦးစိုးမောင်-ဒေါ်ခင်မြင့်တို့၏သမီး၊ မဝင်းဝင်းသန်း၊ ကိုသိန်းဇော်၊ မမိုးမိုး၊ ကိုဝင်းဇော်တို့၏ ညီမ၊ ကိုဝင်းအောင်၊ ကိုထွန်းထွန်းဝင်းတို့၏အစ်မ၊ မောင်သက်နိုင်ဦး၊ မစုစုပိုင်၊ မိပို့၊ မောင်တိုးဝေထွန်း၊ မောင်အောင်စိုးခိုင်၊ မဇူဇူဝါ၊ မောင်ရန်ကျော်တို့၏အဒေါ်သည် ၉-၂-၂၀၀၄ရက် (တနင်္လာနေ့)ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၄၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးစန်းလွင်(ခ)ဦးခင်အောင်
(မုံရွာ၊ ဗြဟ္မဒတ်)
ဓာတ်ခွဲခန်းမှူး(ငြိမ်း)
မြေတိုင်း၊မြို့ပြအင်ဂျင်နီယာဌာန၊
ရန်ကုန်နည်းပညာတက္ကသိုလ်
အသက်(၇၄)နှစ်

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နေ (ဦးစံဖြိုး-ဒေါ်သိန်းရှိ)တို့၏သား၊ပဲခူးတိုင်း၊စစ်ကွင်းမြို့နေ (ဦးမောင်တင်-ဒေါ်စောခင်)တို့၏သားသမက်၊(ဦးခင်မောင်)၏ညီ၊(ကိုသက်လွင်ဦး)၊ ကိုစိုးလွင်ဦး-မခင်လေးမြိုင်၊ ကိုညွှန့်ဦး(လှိုင်ကောလိပ်)-မမေလွင်ဦး(အကြီးလေး)၊ ကိုသန်းဝင်း (နယ်မြေအင်/ယာဌာန၊ Y.T.U)-မနှင်းလွင်ဦး(အငယ်လေး)တို့၏ဖခင်၊မြေးငါးယောက်တို့၏ အဘိုးသည် ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်း၊ အမှတ် စီ/၅ နေအိမ်၌ ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစောလွင် (စစ်တွေ)
B.Sc (Engg) Civil; M.S.C.E (Mich:)
ဒုတိယအင်ဂျင်နီယာချုပ်
ရေအားလျှပ်စစ်(ငြိမ်း)
အကြံပေးအရာရှိ(ငြိမ်း)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အိမ်အမှတ် ၆၃(A)နေ (ဦးဖျော့-ဒေါ်အေးရှင်)တို့၏သား၊ ဦးလှရွှေ-ဒေါ်စန်းစန်းလွင်(ရှယ်လီ)တို့၏အစ်ကို၊ မောင်နေလင်းအောင်၏ ဘကြီးသည် ၈-၂-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၀၆:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
ကျောင်းမြေဒါယိကာမကြီး
ဒေါ်တင်မြင့်(ခ)
ဒေါ်တင်တင်ဝင်း
အသက်(၅၈)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊အမှတ် ၇၈ နေ (ဦးဇရက်-ဒေါ်ရွှေနု)တို့၏သမီးကြီး၊ (ဦးမောင်ရှင်-ဒေါ်သီ)တို့၏သမီးချွေးမ၊ ဦးသစ္စာ (မုဒုံ ရဲစခန်း) - ဒေါ်ငယ်ငယ်တို့၏ညီမ၊ ဒေါ်ဘုတ်စုံ၊ ဒေါ်ပြုံး၊ ဦးဟန်စိန်-ဒေါ်ထူးစိန်၊ ဦးကျင်မောင် (ပြည်တွင်းရေကြောင်း)-ဒေါ်စု၊ ဦးဟန်ကြည်(မှတ်တမ်းရုံး)-ဒေါ်အေးအေးရွှေ၊ဦးအေးမြင့်-ဒေါ်နိုင်နိုင်မော်တို့၏အစ်မ၊ ဦးတင်ရွှေ၏ဇနီး၊ ဦးအဂ္ဂညာဏ(တောင်ဒဂုံရွှေကျင်ကျောင်းတိုက်)၊ ကိုစန်းမြင့်ဦး-မသန်းသန်းဌေး၊ ကိုသက်ဦး-မစန္ဒာခိုင်၊ ကိုအောင်အောင်-မချို၊ ကိုကျော်ကျော်-မအေးသီတာ (သတ္တဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၊ မမြသီတာတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွား၊ တူ တူမ ၁၆ ယောက်တို့၏ကြီးတော်သည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်မျိုးမင်း
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄) ရပ်ကွက်၊ ရတနာသစ်အိမ်ရာ၊ တိုက်(စ)၊ အခန်း ၅ နေ ဦးခင်မောင်ဝင်း[မန်နေဂျာ၊ အမှတ်(၂)အထပ်သားစက်ရုံ]-ဒေါ်လေးတင် (ရုံးအုပ်၊ ပြည်တွင်းရောင်း/စက်၊ ရုံးချုပ်)တို့၏သား၊ မတင်တင်ဌေး (အငယ်တန်းလက်ထောက်၊ ပြည်တွင်းရောင်း/စက်)၊ မနုနုအေးတို့၏အစ်ကိုသည် ၁၀-၂-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၂:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ကချင်ပြည်နယ်၌ မိုးကောင်းတံတားအပါအဝင် တံတားကြီးပေါင်းဆယ်စင်းတည်ဆောက်ဖွင့်လှစ်ခဲ့ ယခင်ကနီးလျက်နှင့်ဝေးရသောအခြေအနေမှ ယခုအခါ တိုင်းရင်းသားအားလုံးဒေသမရွေးကူးလူးဆက်သွယ်လာနိုင် ငြိမ်းချမ်းမှုနှင့်ပူးပေါင်းမှုတို့၏ကောင်းကျိုးရလဒ်များ ကချင်ပြည်နယ်သားတို့လက်တွေ့ခံစားနေရပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)က တာဝန်ယူတည်ဆောက်ခဲ့သည့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈နာရီခွဲတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး တံတားမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ *(စာမျက်နှာ ၃ ကော်လံ ၁)* ■

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု

အထူးထုတ်အချပ်ပိုပါရှိ

ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၍ အထူးထုတ် ရောင်စုံအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်

ရန်ကုန်မြောက်ပိုင်းခရိုင်မှ အနောက်ပိုင်းခရိုင်သို့ဆက်လက်သယ်ဆောင် ပြည်သူလူထုထောင်ပေါင်းများစွာတို့က ကြိုဆိုအလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး အစီအစဉ်အရ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့က တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုနေ့အလံတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းသို့ ပြည်ထောင်စုလှေ့ဖြင့် လည်းကောင်း၊ *(စာမျက်နှာ ၁၂ ကော်လံ ၁)* ▼

ဖြတ်သန်းကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတားဖွင့်ပွဲတွင် မိုးကောင်းတံတားပေါ် ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ဆယ်စုနှစ်ကထက် အဆပေါင်းများစွာတိုးတက်နေပါတယ်ဟု ကချင်တိုင်းရင်းသူ ဒေါ်ကေထွဲတူက မြန်မာ့အလင်းသို့ပြောကြားစဉ်။
ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ ၂၀၁၀၁၆

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

ပြည်နယ် / တိုင်း ဒေသတိုင်း အံ့မခန်းတိုးတက်နေ

သတင်းဆောင်းပါး - စိန်ရွှေလှိုင်၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း စာအုပ်ဆိုင်မှ စာအုပ်များ ရောင်းချနေစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၄ ခုနှစ် (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ဖေဖော်ဝါရီ ၈ရက်နံနက်က ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် စတင်ဖွင့်လှစ်ပြသလျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီအဖွဲ့ဝင်များ လာရောက်ကြည့်ရှုကြသည်။

ပြည်ထောင်စုနေ့ပြပွဲ ကျင်းပရာ တပ်မတော်ခန်းမအဝင်ဝတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာအုပ်အရောင်းဆိုင် ဖွင့်လှစ်၍ ပြပွဲလာများအား ပြည်ထောင်စုနှင့် ပတ်သက်သော စာအုပ်စာတမ်းများ၊ ဗဟုသုတဖြစ်ဖွယ်ရာ စာအုပ်စာတမ်းများ၊ သုတ၊ ရသ စာပေများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

(စာမျက်နှာ ၁၁ ကော်လံ ၂) ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး